မြဝတီ The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်(ဓမ္မပဒ-၃၈၀)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ တနလာနေ့။ Monday, 2 December 2024 ၁၁၆၅၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဿနာနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ပြခန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ

စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ် စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်း တင့်တယ်ဝင့်ကြွားလာမည်

နေပြည်တော် ဒီဇင်ဘာ ၁

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်၍ စာပေဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီးဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ်ပြခန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**

ယနေ့ ဖတ်စရာ

လေထုညစ်ညမ်းမှု သတိပြု

ဆောင်းပါး စာမျက်နှာ » ၁၄

မသန်စွမ်းသူ ဝိုင်းလို့ကူ

ဆောင်းပါး စာမျက်နှာ » ၁၉

(၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆု အထိမ်းအမှတ် စာပေစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၉



အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါ်တို့ တွေ့ဆုံ

စာမျက်နှာ » ၁၃

ခရီးသွားပြည်သူစိတ်ချမ်းမြေ့စေရေး စည်းကမ်းတကျ ပါဝင်ဆောင်ရွက်

ရန်ကုန်မြို့ရှိ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းသစ်များဖြင့် စတင်ပြေးဆွဲခြင်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၉ ရက်နေ့က ရန်ကုန်ဘူတာကြီး၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပေးကာ DEMU ရထားတွဲဆိုင်းသစ်တွင် လိုက်ပါစီးနင်းပြီး ခရီးသွားပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

DEMU ရထားတွဲဆိုင်းသစ်များဖြင့် စတင်ပြေးဆွဲခြင်းသည် မြန်မာနိုင်ငံမီးရထားသမိုင်းတွင် ထူးခြားဆန်းသစ်သည့် နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်သည်။ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့မှုကို ဖြည့်စွမ်းပေးနိုင်သဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ထူးခြားသည့်နေ့တစ်နေ့ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်အစိုးရများက ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရထားပို့ဆောင်ရေးတွင် ရထားစက်ခေါင်းသစ်များ၊ တွဲဆိုင်းသစ်များ၊ ဘူတာနှင့် ပတ်ဝန်းကျင်၊ ရထားလမ်းပိုင်းတစ်လျှောက်တို့အား စဉ်ဆက်မပြတ်ပြုပြင်မွမ်းမံတည်ဆောက်ပေးလျက်ရှိသော်လည်း စည်းကမ်းလိုက်နာ ပါဝင်ဆောင်ရွက်မှုမရှိသောကြောင့် ရထားကဏ္ဍ၌ အမြင်မတင့်ဖွယ်ရာတို့ကို ကြုံတွေ့ခဲ့ရသည်။

DEMU ရထားတွဲဆိုင်းသစ်များဖြင့် စတင်ပြေးဆွဲခြင်းဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ မီးရထားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေသကဲ့သို့ မိဘပြည်သူများအနေဖြင့်လည်း စည်းကမ်းတကျ လိုက်နာစီးနင်းပြီး ရထားလမ်းပိုင်းများနှင့် ဘူတာများ သန့်ရှင်းသပ်ရပ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မီးရထားလမ်းပန်းဆက်သွယ်ရေးလုံခြုံမှု ပိုမိုကောင်းမွန်လာစေရေးအတွက် ပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် ယနေ့စတင်ပြေးဆွဲသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းများကို အသုံးပြုပြီး ရထားလမ်းနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့အသုံးပြုပြေးဆွဲနိုင်စေရေးတို့အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မေတ္တာရပ်ခံလိုကြောင်း" ပြောကြားခဲ့သည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်က ဖြည့်ဆည်းပေးထားသည့် ရထားဆိုင်ရာတို့ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်၍ ရထားစီးခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးကို အဆင်ပြေစိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးနှင့် ပြည်သူကို ကောင်းမွန်သည့်ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းများအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင်ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေးကာလကို ၂၀၁၇ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ တည်ဆောက်ထားခဲ့သည့်လုပ်ငန်းများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် စီမံကိန်းများတွင် စပိန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ DEMU လေအေးပေးစက်ပါ ရထားတွဲဆိုင်းသစ်များကို အသုံးပြုပြီး မြို့ပတ်ရထားစီးခရီးသွားပြည်သူများ ပိုမိုအဆင်ပြေကောင်းမွန်သည့် ဝန်ဆောင်မှုများအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးနေပြီဖြစ်သည်။ အဆိုပါ ခေတ်မီမြို့ပတ်ရထားပြေးဆွဲမှုစနစ်တွင် အလိုအလျောက် မီးရောင်ပြောင်းအချက်ပြနှင့် ဆက်သွယ်ရေးစနစ်များ တပ်ဆင်ထားပြီး ယခင်က မြို့ပတ်ရထားပြေးဆွဲမှု တစ်နာရီလျှင် ကီလိုမီတာ ၄၀ နှုန်းမှ ယခုအခါ ကီလိုမီတာ ၆၀ နှုန်းဖြင့် တိုးမြှင့်ပြေးဆွဲပေးနေပြီဖြစ်သည်။ နေ့စဉ် ယခင် RBE ရထားအစင်း ၂၀ နှင့် DEMU ရထား ၁၅ စင်းအသုံးပြုပြီး ဖြည့်စွက်ပြေးဆွဲပေးသွားမည်ဖြစ်၍ ခရီးသွားပြည်သူများ မြို့ပတ်ရထားများကို ယခင်ကထက် ပိုမိုမြန်ဆန်အဆင်ပြေချောမွေ့စွာဖြင့် လိုရာခရီးသို့ စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။

အခြေခံလူတန်းစား ပြည်သူအများစု နေ့စဉ်နှင့်အမျှ အဓိကအားထားအသုံးပြုနေရသည့် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ စရိတ်စကသက်သာပြီး ခရီးသည်အများအပြားကို လိုရာခရီးသို့ သက်သောင့်သက်သာ ချောင်ချောင် ချိချိပို့ဆောင်ပေးနိုင်သည်။ ထို့အပြင် ကုန်စည်အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးသို့ ကုန်ကျစရိတ်ကျဉ်းကျဉ်းနှင့် အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ခြင်းတို့သည် ရထားပို့ဆောင်ရေး၏ အားသာချက်များဖြစ်သည်။ ရထားသည် မော်တော်ကားနှင့် နှိုင်းယှဉ်ပါက ကုန်စည်နှင့် ခရီးအကွာအဝေးအလိုက် လောင်စာဆီလေးပုံတစ်ပုံမှ ခြောက်ပုံတစ်ပုံခန့်သာကုန်ကျပြီး လေထုညစ်ညမ်းမှုနှင့် ယာဉ်ကြောကျပ်တည်းမှု ပြဿနာများကို လျော့နည်းစေသည်။

သို့ဖြစ်ရာ ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး စသည့်အဘက်ဘက်တွင် အားသာချက်များရှိသည့် ရထားပို့ဆောင်ရေးစနစ်ကို ပိုမိုကောင်းမွန်ခေတ်မီအောင် တည်ဆောက်ပေးထားခြင်းနှင့်အတူ တာဝန်ရှိသူများနှင့် အသုံးပြုစီးနင်းသူများက နိုင်ငံကြီးသားပီသစွာဖြင့် စည်းကမ်းတကျ စီးနင်းလိုက်ပါခြင်းနှင့် ဝိုင်းဝန်းထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၀၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့် အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၂ ရက်မှ ၈ ရက်အထိရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပုသိမ်မြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

ပုသိမ် ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့သစ်ဈေးနှင့်ကွမ်းခြံဈေးတို့တွင် ယနေ့နံနက်ပိုင်း၌ အခြေခံစားသောက်ကုန်များ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ရပ်ကွက်နေပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့သစ်ဈေးနှင့်ကွမ်းခြံဈေးတို့၌ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၈၀ နှုန်းဖြင့် အလုံး ၃၀၀၀၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၄၅၀ နှုန်းဖြင့် အလုံး ၆၀၀ ရောင်းချပေးခဲ့သည်။ အခြေခံစားသောက်ကုန်များ ရောင်းချပေးခြင်းကို နေ့စဉ်မြို့ပေါ်ရပ်ကွက်များနှင့် ဈေးများတွင် ရောင်းချပေးလျက်ရှိပြီး ပလတ်စတစ်အစားထိုးစက္ကူအိတ်များဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

ကျွန်းလှမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ကျွန်းလှ ဒီဇင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ်စိုက်ပျိုးသော မိုးစပါးတစ်ဧကအထွက်နှုန်း သိရှိရန်အတွက် ယမန်နေ့က မန်ကျည်းအင်းကျေးရွာတောင်သူဒေါ်ရွှေဝ၏၊ ပန်းတိုင်အထွက် စံပြကွက် ဧရာမင်းစပါးမျိုး ငါးဧက စိုက်ခင်း၌ စံကွက်ရိတ်သိမ်းကြောင်း သိရသည်။

ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် ၆ ဒသမ ၆ ပေ ပတ်လည်ဖြင့် စပါးစိုက်ခင်းအတွင်း သုံးနေရာရိတ်သိမ်းရာ တစ်ဧကပျမ်းမျှအထွက်နှုန်း စပါးအစိုထွက် ၁၁၂ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးစပါး ၃၄၀၉၈ ဧက စိုက်ပျိုးခဲ့

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၈ ဧက စိုက်ပျိုးခဲ့ပြီး ဒေသရာသီဥတုနှင့်ကိုက်ညီသည့် ဧရာမင်း၊ မနောသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ စပါးမျိုးများ စိုက်ပျိုးကြကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

ပုပ္ပားတောင်အမျိုးသားဥယျာဉ်၌ မီးခိုးမြူငွေ့လျော့ချရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေး

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပုပ္ပားတောင် အမျိုးသားဥယျာဉ်တို့ ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှု၊ မီးခိုးမြူငွေ့လျော့ချရေးနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဥယျာဉ်မှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပူးပေါင်းပါဝင်

အခမ်းအနားတွင် ပုပ္ပားတောင်အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အုန်းကျော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသန်းမြင့်က ရာသီဥတုပြောင်းလဲမှုကြောင့် လေထုညစ်ညမ်းခြင်းနှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာသိကောင်းစရာများ၊ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများ၊ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ ဆီ မီးလောင်မှုအားငြိမ်းသတ်ခြင်း၊ မီးလောင်မှုအား ရေစိုဝတ်ဖြင့် အရေးပေါ် စနစ်တကျမီးငြိမ်းသတ်နည်းနှင့် မီးသတ်ယာဉ်များ အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို ဥယျာဉ်တာဝန်ရှိ ဝန်ထမ်းများကိုယ်တိုင် လက်တွေ့လုပ်ဆောင်စေခြင်း၊ ပူးပေါင်းပါဝင် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

နေအောင်(ပြန်/ဆက်)

ခရီးမှူး

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင့်သဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◎ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ်ပြခန်း ၂၀၂၃ ခုနှစ်အတွက် ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်များနှင့် အင်းဝခေတ်မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုပြခန်း၊ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၏ "စိန်ရတုမှသည် ရာထောင်ချီ" စာပေဆုနှင့်သဘင်ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် "နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကို စာပေဂုဏ်ဖြင့် ဖြင့်တင်မည်" မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်တွင် မိမိနိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကို စာပေကလောင်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို လေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့အခမ်းအနားကို ၁၉၄၄ ခုနှစ်မှစတင်ပြီး မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ကျင်းပလာကြခြင်းဖြစ်ကြောင်း။

မြန်မာစာပေသမိုင်းကို ပြန်ကြည့်မည်ဆိုပါက ပုဂံခေတ်မှစပြီး ယနေ့ခေတ်ကာလအထိ နှစ်ပေါင်းထောင်ချီ ဖြတ်သန်းလာခဲ့ပြီဖြစ်ကြောင်း၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်များမှ ယနေ့ခေတ်ကာလအထိမြန်မာ့ယဉ်ကျေးမှု အနုပညာအဖြာဖြာ၏ ပင်စည်မဏ္ဍိုင်ကြီးဖြစ်သည့် စာပေနယ်ပယ်ကြီး ဖွံ့ဖြိုးတိုးတက်ခဲ့သည့် အစဉ်အလာကောင်းကို ပိုမိုခိုင်မာတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသဖြင့် လေးစားဂုဏ်ယူပါကြောင်း။

စာပေသည် လူ့အဖွဲ့အစည်း၏ အကြံအစည်၊ အပြုအမူ၊ အနေအထိုင်၊ ဓလေ့ထုံးစံ၊ ဘာသာတရား၊ ပေါင်းသင်းဆက်ဆံရေး စသည့် ကိစ္စများအပြင် ယဉ်ကျေးမှု အနုပညာအပေါင်းတို့၏ အစပြုရာဖြစ်ကြောင်း၊ စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပြီး စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံများပင်ဖြစ်ကြောင်း၊ စာအုပ်စာပေသည် လူသားများအတွက် မိတ်ဆွေကောင်းဖြစ်ပြီး စာပေမြင့်လာသည်နှင့်အမျှ လူမျိုးလည်းတင့်တယ်ဝင့်ကြွားလာမည်ဖြစ်ကြောင်း၊ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကိုထင်ဟပ်နေခြင်း ဖြစ်သဖြင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ စာပေနှင့်ပတ်သက်သည့် အစဉ်အလာကောင်းများကို စာပေပညာရှင်များ၊ စာပေကိုတန်ဖိုးထားသည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် မျိုးဆက်သစ်များက ဆက်လက်ပြီး လက်ဆင့်ကမ်းထိန်းသိမ်း စောင့်ရှောက်ကြရန်လည်း မှာကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ❁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဧနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။

❁ **စာမျက်နှာ ၃ မှ**

နိုင်ငံနှင့် ပြည်သူများ၏ ကောင်းကျိုးအတွက် အားထုတ်ရေးဖွဲ့ထုတ်ဝေခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို နိုင်ငံတော်အဆင့် အမျိုးသား စာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ ရောက်တိုင်း နှစ်စဉ်ချီးမြှောက် ဂုဏ်ပြုခြင်းသည် နိုင်ငံ၏ ကောင်းမြတ်သည့် အစဉ်အလာ ပင်ဖြစ်ကြောင်း၊ ထိုသို့ကောင်းမွန်သည့် အစဉ်အလာကောင်းကို ၁၉၄၈ ခုနှစ်က စတင်ကျင်းပခဲ့သည်မှာ ယခုဆိုပါက (၇၅)ကြိမ်မြောက် ရှိပြီဖြစ်သဖြင့် စိန်ရတုသက်တမ်းသို့ ရောက်ခဲ့ပြီဖြစ်ကြောင်း။

ဘာသာပြန်စာပေများ ထုတ်ဝေ

နိုင်ငံတော်၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုဖြင့် ၁၉၄၇ ခုနှစ် သြဂုတ်လတွင် တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတတိုးပွားရေးအတွက် ဘာသာပြန်စာပေများ ထုတ်ဝေခဲ့သကဲ့သို့ မြန်မာစာပေ ဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်တွင် **"စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု"**ကို စတင်ချီးမြှင့်ခဲ့ကြောင်း။

"စာပေဗိမာန် ကာလပေါ်ဝတ္ထုဆု"ကို **"စာပေဗိမာန်ဆု"**၊ **"အနုပညာ စာပေဆိုင်ရာဆု"**၊ **"အမျိုးသားစာပေဆု"** စသည်ဖြင့် ဆုအမည်ကို အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့် ဘာသာရပ်များ၊ ဆုငွေများကိုလည်း အခါအားလျော်စွာ တိုးချဲ့၊ တိုးတက်ချီးမြှင့်ခဲ့ကြောင်း၊ ယခု ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ၁၉ မျိုးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်း မပြုဖြစ်သေးသည့်ကလောဝှင်တို့၏ကောင်းမွန်သည့် လက်ရာစာမူများကို စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိနိုင်ရန် ရည်ရွယ်ပြီး **"စာပေဗိမာန်စာမူဆု"** ကိုလည်း နှစ်စဉ်ရွေးချယ်ပြီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် ဘာသာရပ် ၁၃ မျိုး ဆုချီးမြှင့်မည်ဖြစ်ကြောင်း။

ချီးမြှင့်ပေးအပ်

ထို့ပြင် မိမိတို့ မြန်မာနိုင်ငံတွင် မြန်မာစာပေနှင့် နိုင်ငံနှင့် လူမျိုးအကျိုးကို တစ်သက်တာလုံးစာအုပ်စာပေများ အားထုတ်ရေးသားပြုစုခဲ့ပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ကျေခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့် အနေဖြင့် **"အမျိုးသားစာပေတစ်သက်တာဆု"**ကို ၂၀၁၁ ခုနှစ်မှစပြီး နှစ်စဉ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း။

ယခုနှစ်အတွက် အမျိုးသားစာပေဆုများ ရွေးချယ်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၁၀၅၀ အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၅ မျိုးကို ရွေးချယ်နိုင်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင် စာမူ ၂၈၄ စောင်အတွင်းမှ ဘာသာရပ် ၁၃ မျိုးအနက် ဆုချီးမြှင့်ရန်ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များ၊ စာမူများကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်များပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်နှင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများနားလည်လွယ်အောင် ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားကြောင်း။

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အမျိုးသားစာပေ တစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

❖ **အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့သည့် စာရေးသူများနှင့် စာအုပ်များ၊ စာမူများကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်များပါဝင်ပြီး ခေတ်အတွေး၊ ခေတ်အမြင်များကို ထင်ဟပ်ဖော်ကျူးပြီး စေတနာစိတ်နှင့် စာနာစိတ်ထားများ ပွားများစေနိုင်သည့် ရသစာပေများ၊ နိုင်ငံဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် ဖြည့်ဆည်းသင့်သည့် ပြည်တွင်းပြည်ပဆိုင်ရာ ခေတ်မီနည်းပညာများ၊ သိပ္ပံပညာရပ်များကို လူအများနားလည်လွယ်အောင် ရေးသားထားသည့် သုတစာပေများကို စာပေအဆင့်အတန်းမီစွာ ရေးသားထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထား**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အမျိုးသားစာပေ တစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်းပါမောက္ခ-ငြိမ်း)အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အမျိုးသားစာပေ တစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)အား ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»» စာမျက်နှာ ၄ မှ

အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေ ပညာရှင်ကြီးများကို အလေးအမြတ်ထားသည့် အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပြီး ချီးမြှင့်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ စတင်ခဲ့သည့် ၂၀၁၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တစ်နှစ်လျှင် တစ်ဦးသာ ချီးမြှင့်ပြီးနောက်ပိုင်းတွင် တစ်နှစ်ကို နှစ်ဦး၊ သုံးဦး ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း၊ မိမိတို့တာဝန်ယူခဲ့သည့် ကာလတွင် တစ်နှစ်လျှင် လေးဦးအထိ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း စာပေပညာရှင်ကြီး ခြောက်ဦးအထိ ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်ကြောင်း၊ စာပေပညာရှင်ကြီးများ အားလုံးကို အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့် အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

စာပေပညာရှင်ကြီးများ၏ အားသည် အလွန်အရေးပါ

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အားလုံး၏ ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်၊ ကောင်းမွန်သည့် ပစ္စုပ္ပန်ကို ကြိုးစားတည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စာပေပညာရှင်ကြီးများ၏ အားသည် အလွန်အရေးပါပြီး ကောင်းကျိုးများစွာ ရရှိနိုင်မည်ဟုလည်း ယုံကြည်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စာပေအနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များ မိမိတို့၏ အနုပညာကို အရည်အသွေးမြင့်မားစွာ၊ လွတ်လပ်စွာ ဖန်တီးပုံဖော်နိုင်ရေး တတ်စွမ်းသမျှ အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ စာပေပညာရှင်များနှင့် စာပေလောကအကျိုးကို ဖြည့်ဆည်းပေးမည့် **"စာဆိုဗိမာန်"** အဆောက်အအုံကြီးကိုလည်း အိန္ဒိယနိုင်ငံအစိုးရနှင့်ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စာအုပ်စာပေ ထုတ်ဝေရေးကဏ္ဍတွင်လည်း နိုင်ငံတကာနှင့် ချိတ်ဆက်ပြီး စာပေယဉ်ကျေးမှု

စာမျက်နှာ ၆ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး အမျိုးသားစာပေဆု စာပဒေသာဆုရ ဆရာမြင်းမူမောင်နိုင်မိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားစာပေဆု လူငယ်စာပေဆုရ ဆရာကပ္ပတိန်သာစိန်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း အမျိုးသားစာပေဆု နိုင်ငံရေးစာပေဆုရ ဆရာနေဇင်လတ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ ဆရာမ တက္ကသိုလ်မြမဉ္ဇူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာဘြည့် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာ)ပထမဆုရ ဆရာမြန်စာမြေသိန်းလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညီစော စာပေဗိမာန်စာမူဆု စာပဒေသာပထမဆုရ ဆရာအန်ကယ်ပညာအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ စာမျက်နှာ ၅ မှ

အပြန်အလှန် ဖလှယ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တတ်နိုင်သည့် ဘက်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ စာပေဆိုင်ရာ ထူးချွန်ဆုများသာမက စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များအားလည်း ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်

မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို သတင်းအတုအယောင်များ၊ အမုန်းစကားများ၊ ကျင့်ဝတ်သိက္ခာမဲ့ သတင်းအချက်အလက်များက ဟန့်တားဖျက်ဆီးလျက်ရှိကြောင်း၊ တိုင်းရင်းသားညီညွတ်မှုကိုလည်း ပျက်စီးစေနိုင်ကြောင်း၊ မိမိတို့အားလုံး မျှော်မှန်းထားသည့် ငြိမ်းချမ်းရေး ပန်းတိုင်ကိုလည်း အနှောင့်အယှက် ဖြစ်စေကြောင်း။

အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စုကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးတို့တွင် စွမ်းရည်ပြည့်စုံထက်မြက်သည့် လူစွမ်းအား အရင်းအမြစ်များရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်တွင် အနာဂတ်၏အင်အားများဖြစ်သည့်လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည် ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သည့် အာဟာရများမှာ စာပေလေ့လာဖတ်ရှုခြင်းဖြစ်ပြီး စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှု သိမှီးကြရမည် ဖြစ်ကြောင်း။

စာအုပ်စာပေ ဟူသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်သည့်အတွက် ယခင်က ထုတ်ဝေခဲ့သည့် စာကောင်းပေမွန်များကို မျိုးဆက်သစ်လူငယ်များ လေ့လာနိုင်ရန်အတွက် ပြန်လည်ထုတ်ဝေသင့်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့်မြန်မာနိုင်ငံဘာသာပြန် စာပေအသင်းကြီးက ထုတ်ဝေခဲ့သည့် လူထုသိပ္ပံကျမ်းတွဲများနှင့် အခြား ပြန်လည်ထုတ်ဝေဖြန့်ချိသင့်သည့် စာအုပ်စာပေများကို လည်း ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ထုတ်ဝေရန် လမ်းညွှန်မှာကြားထားကြောင်း၊ မြဝတီစာပေတိုက်ကလည်း ထုတ်ဝေလျက်ရှိကြောင်း။

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားချက်နှင့်အညီ တည်ဆောက်နိုင်ရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင် အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန်လိုအပ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် စာအုပ်စာပေများ၏ အသိပညာပေးမှု၊ လမ်းညွှန်မှုများက သာယာဝပြောသည့် လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးကို များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း။ **စာမျက်နှာ ၇ သို့** ☆



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရ ဆရာသားညီမောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ ဒုတိယဆုရ ဆရာနေစိုးသော်အား ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်းပါမောက္ခ-ငြိမ်း) ကျေးဇူးတင်စကားပြောကြားစဉ်။

❖ ယနေ့အချိန်တွင် အနာဂတ်၏အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည်

❖ လိုအပ်သည့်အာဟာရမှာ စာပေလေ့လာဖတ်ရှုခြင်းဖြစ်ပြီး စာပေပညာရှင်၊ စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှု သိမှီးကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅) ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

☆ စာမျက်နှာ ၆ မှ

မြန်မာ့သမိုင်း တစ်လျှောက် စာပေစွမ်းအားနှင့် မြန်မာ့ဂုဏ် မြင့်မားအောင်၊ အကျိုးစီးပွား တိုးတက်အောင် ဆောင်ရွက်ခဲ့သည့် ရဟန်းစာဆို၊ လူပုဂ္ဂိုလ် စာဆို၊ စာဆိုတော်ပညာရှင်ကြီး များကို ချီးကျူးပူဇော်ဂုဏ်ပြုခြင်း သည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာ တစ်ရပ်ဖြစ်ကြောင်း၊ အစဉ်အလာကောင်းကို ဝါရင့်စာပေ ပညာရှင်ကြီးများက ထိန်းသိမ်းပြီး မျိုးဆက်သစ် ကလောင်ရှင်များကို လက်ဆင့်ကမ်းပေးကြရန် တိုက်တွန်းလိုကြောင်း၊ မျိုးဆက်သစ် ကလောင်ရှင်များ ကလည်း စာပေဆိုင်ရာ ကျင့်ဝတ်၊ နိတိများကို ထိန်းသိမ်းပြီး ခေတ်ကို ထင်ဟပ်စေသည့်၊ အမျိုးဘာသာ သာသနာကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်သည့်၊ စာဖတ်ပရိသတ် အတွက် စာဖတ်မှုအရည်အသွေး တိုးမြှင့်စေပြီး ကောင်းကျိုးပြုစေ သည့် စာကောင်းပေမွန်များကို ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆန္ဒပြု တိုက်တွန်းမှာကြား လိုကြောင်းနှင့် မြန်မာစာပေလောက ခိုင်မြဲစည်ပင် ဖွံ့ဖြိုးရေးအတွက် ဆက်လက် ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံ အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ၂၀၂၃ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆု ရရှိကြသည့် စာပေပညာရှင် ဆရာကြီး ဒေါက်တာ မင်းတင်မွန်(ပါရဂူမင်း နန္ဒာ)၊ စာပေပညာရှင်ဆရာကြီး ဒေါက်တာ တိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေ သက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင်ဆရာ ကြီး ဒေါက်တာကျော်ဝင်း (သမိုင်း ပါမောက္ခ-ငြိမ်း)နှင့် စာပေပညာ ရှင် ဆရာကြီး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့အား ဆုတံဆိပ်များ၊ ဂုဏ်ပြု ချီးမြှင့်ငွေနှင့် အမှတ်တရ ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ချီးမြှင့် သည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး တို့အား ပြန်ကြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)ကြိမ် မြောက် စိန်ရတုအမျိုးသား စာပေဆုအထိမ်းအမှတ် ဂုဏ်ပြု လက်ဆောင်အား ဂါရဝပြု ပေးအပ်သည်။

ဆက်လက်၍ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြ သည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြ သည့် ဦးဝင်းရှိန်နှင့် ဦးမောင်မောင် အုန်းတို့က အမျိုးသားစာပေဆု ရရှိသူများနှင့် စာပေဗိမာန်စာမူဆု ရရှိသူများကို ဆုများပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဝင်း သမိုင်းပါမောက္ခ (ငြိမ်း) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြန်ကြား ရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင် များက "စာပေစေတနာ စာပေဆန္ဒ" ယိမ်းအကဖြင့် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စာပေ ဂုဏ်ရောင် ထွန်းပြောင်တန်ဆောင် ဆီမီး" ကဇာတ်ဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြ သူများသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာ ဆု၊ အမျိုးသားစာပေဆုနှင့် စာပေ ဗိမာန်စာမူဆု ရရှိကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံ တော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေ့လယ်စာ သုံးဆောင်အပြီး တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် ဇနီးတို့သည် ၂၀၂၃ ခုနှစ် အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များကို ရင်းရင်း နှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

စာသန့်ပေမွန် စာထူးချွန်

❋ မြန်မာစာ မြန်မာစကား
မြန်မာများ သိဒ္ဓိတင်။

❋ အမျိုးဘာသာနဲ့
ရိုးရာအမွေ ရင်မှာကိန်း
ထိန်းသိမ်း စေ့ချင်။

❋ နိုင်ငံ ဖွံ့ဖြိုး
လူမျိုးက စည်ပင်
ပြည်တစ်ခွင် သာစေကြောင်း။

❋ နှစ်ထောင်ချီ ခက်ဖြာဆန်းခဲ့တဲ့
တို့စာပေ ဆက်ကာလန်းရအောင်
ဖျန်းရေစင်လောင်း။

❋ အသိ အလိမ္မာ ပညာတိုး
စာတန်ခိုး ထက်မြစွာ။

❋ သုတ ရသ တိုက်ကာကျွေး
အမြိုက်ဆေးပမာ။

❋ စာတတ် စာဖတ်ပါမှ
စာအမြတ် ရနိုင်မှာ
ပညာရှေ့အိုး လူမခိုး။

❋ စာဆိုရှင် စာကဝိတွေက
ပညာအသိ ဆင့်ဝေကမ်းသည်ကြောင့်
တစ်ဝှမ်းရွာပြည် အမှောင်ခွင်း
လင်းဆယ်ဆတိုး။

❋ အမှားကင်းအောင် လမ်းမှန်ပြ
ပြည့်ဝရင့်ကျက် ကြံခိုင်စေ။

❋ ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး
ကောင်းကျိုးဆင့်ဝေ။

❋ ပြည်သူကို အကျိုးပြု
ပြည်သူ့ဘဝ ထင်ဟပ်စေ
ယဉ်ကျေးမှုအမွေ အစဉ်ဖော်ကျူး။

❋ အမျိုးသား စရိုက်လက္ခဏာနဲ့
လိုက်ဖက်စွာ စာပန်းချီမှုန်းပါလို့
ရွာပြည်အလုံး မျိုးဂုဏ်မပျက်
တိုးတက် တင့်ထူး။

❋ အမျိုးသား စာပေဆု
အကျိုးပြု စာသန့်မွန်။

❋ ဘက်စုံထောင့်စုံ စံမီကိုက်
ထိုက်တန် ပြည့်လွန်။

❋ မြန်မာစာပေ ဖွံ့ဖြိုးရေး
အားပေးမြှင့်တင် ဆန္ဒမွန်
ထူးချွန်စာဆို ဂုဏ်ပြုနှင်း။

❋ စိန်ရတု သမိုင်းကြောင်းနဲ့
ထူးချွန်ဆုရှင် စာဆိုအပေါင်းတို့ရဲ့
စာကောင်းပေမွန် ဂုဏ်အထူးထူးကို
ဦးခိုက်ရင်တွင်း။ ။

ဇော်မင်းမင်းဦး

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

(၇၅)ကြိမ်မြောက် စိန်ရတု အမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား အခမ်းအနား တက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား အခမ်းအနား တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနား တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။





(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ရွာလ်ဘန်း ကာရာအော်လ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးဇော်ဖြိုးဝင်း၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည်ညိုဖူးမြော်

ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် သီတဂူကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များနှင့် ရွှေတိဂုံစေတီတော်တို့သို့ သွားရောက်ကြည်ညိုဖူးမြော်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနအားကစားအဖွဲ့များထံသို့ အောင်နိုင်ရေးအလံ ပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနအားကစားအဖွဲ့များထံသို့ အောင်နိုင်ရေးအလံ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အားကစားအောင်နိုင်ရေး အမှာ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိညွှန်များ၊ အားကစားအသင်းချောင်းဆောင်များနှင့် အားကစားမောင်းမယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အားကစားနည်းအလိုက်လေ့ကျင့်မှုနှင့် စိတ်ဓာတ်ခံယူချက်မြင့်မားရေး၊ အကောင်းဆုံးသည် ပထမဆောင့်ပုဒ်အတိုင်း စစ်မှန်သော အားကစားသမားစိတ်ဓာတ်ဖြင့် ပြိုင်ဘက်ကို ရိုသေလေးစားရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ ပြေးခုန်ပစ်၊ ဂေါက်သီးစသည့် အားကစားနည်းခြောက်မျိုးတွင် ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် စာပေစကားဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

(၇၅)ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် "စာပေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး" စာပေစကားဝိုင်း ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို ဌာန(၁) Ruby Hall ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဦးဆောင်ပါဝင်ဆွေးနွေးကြမည့် ဆရာစာပေပညာရှင်ကြီးများ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့် သိပ္ပံနှင့် နည်းပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် စာပေကိုချစ်မြတ်နိုးကြသူများ တက်ရောက်ကြသည်။

ဦးစွာ စာရေးဆရာကြီး ဒေါက်တာမောင်သင်း(မောင်သင်း-သပြေ)က စာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့် စာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းအား ရှင်းလင်းပြောကြား၍ တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ထို့နောက် စာရေးဆရာမ မနှင်းဖွေးက လူငယ်ကဏ္ဍတိုးတက်စေရေးအတွက် နေထိုင်ပြုမူရမည့် အကြောင်းအရာများ၊ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များအနေဖြင့် ပညာရည်ပြည့်ဝ၍ အသိပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာရန်လိုအပ်မှု၊ စာပေလေ့လာဖတ်ရှုခြင်းမှ တစ်ဆင့်ရရှိသည့် အသိပညာဗဟုသုတများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြန်လည်အသုံးချသင့်မှုများကိုလည်း



ကောင်း၊ စာရေးဆရာ ပါမောက္ခ ကိုကိုအောင်က ငယ်စဉ်ကပင် စာပေပညာရပ်ကို စနစ်တကျလေ့လာဆည်းပူးခဲ့မှုကြောင့် ထူးချွန်ထက်မြက်ပြီး ကမ္ဘာသိသိပ္ပံပညာရှင်များ၏အကြောင်း၊ အဆိုပါ ပညာရှင်များ၏ စာပေလေ့လာခဲ့မှု ဗဟုသုတအကြောင်းအရာများ၊ သိပ္ပံပညာရပ်ဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုများကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် စာရေးဆရာ ဒေါက်တာတင်ဘုန်းကျော်က ယနေ့ခေတ် AI နည်းပညာနှင့် စာဖတ်ခြင်းဆက်နွယ်မှုများ၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိစေမည့် AI နည်းပညာအတွေးအခေါ်များနှင့် အကျိုးကျေးဇူးများ၊ AI နည်းပညာအသုံးဝင်မှုနှင့် ရင်ဆိုင်ရမည့်စိန်ခေါ်မှုများ၊ AI နှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာ ဗဟုသုတများ၊ ယနေ့ခေတ်တွင်အသုံးများလာသည့် Social Platform မှတစ်ဆင့် ပညာရပ်များစွာလေ့လာခြင်းအားဖြင့် လူငယ်များအတွက်ရရှိလာမည့် အလုပ်အကိုင် အခွင့်အလမ်းများကို လည်းကောင်း၊ စာရေးဆရာ ပုလဲစိုးနံ့သာက စာပေလေ့လာဖတ်ရှုခြင်းဖြင့် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်စေရန် ဆောင်ရွက်သင့်သည့်အချက်များ၊ တိုးတက်လာသည့် နည်းပညာခေတ်နှင့်အညီ လေ့လာသင့်သည့် ပညာရပ်အကြောင်းအရာများ၊ နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်များ သိသင့်သိထိုက်သည့် နိုင်ငံသားကျင့်ဝတ်များနှင့် ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးများ၊ လူငယ်ဘဝတွင် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်စေရန် ပြုမူနေထိုင်ရမည့် နည်းလမ်းများနှင့် စိန်ခေါ်မှုများ၊ ထူးချွန်ထက်မြက်သည့် စွယ်စုံလူငယ်များဖြစ်စေရေးအတွက် ကြိုးစားဆောင်ရွက်ရမည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် စာပေပညာရှင်များ၏ ဟောပြောဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ စာရေးဆရာကြီး ဒေါက်တာမောင်သင်း(မောင်သင်း-သပြေ)က ပြန်လည်ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာကြသူများက စာပေနှင့်လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာပေပညာရှင်ကြီးများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဟောပြောဆွေးနွေးခဲ့ကြသည့် စာပေပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်ငွေများ ဂါရဝပြုပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အမျိုးသားစာပေဆုပေးပွဲများကို ၁၉၄၈ ခုနှစ်တွင် စတင်ကျင်းပလာခဲ့ရာ ယနေ့တွင် (၇၅)ကြိမ်မြောက် စိန်ရတုပြည့်မြောက်ခဲ့ပြီး အဆိုပါ စိန်ရတုအထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ခြင်း အခမ်းအနားအပြင် ကျောင်းသားလူငယ်များအတွက် ရည်ရွယ်၍ စာပေဖြင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စာပေစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ရာ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲမှတစ်ဆင့် အနာဂတ် နိုင်ငံ့ခေါင်းဆောင်များဖြစ်လာကြမည့် ကျောင်းသားလူငယ်များအနေဖြင့် စာပေဖတ်ရှုလိုစိတ်များ ဖြစ်ပေါ်လာခြင်းနှင့် စာပေလေ့လာဖတ်ရှုခြင်းမှတစ်ဆင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး လူငယ်များ၏ တန်ဖိုးရှိသည့် စွမ်းအင်များဖြင့် အနာဂတ် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် အကျိုးကျေးဇူးများရရှိစေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ Lumbini Buddhist University ၌ ကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး လုမ္ဘိနီဥယျာဉ်ရှိ မြန်မာ့ရွှေကျောင်းတော်နှင့် ကတ္တမန္ဒူးမြို့ရှိ ဘာသာရေးဆိုင်ရာနေရာများသို့ ကြွရောက်



ကတ္တမန္ဒူး (နီပေါ) ဒီဇင်ဘာ ၁

နီပေါနိုင်ငံဝန်ကြီးချုပ်၏ အထူးဧည့်သည်တော်အဖြစ် နီပေါနိုင်ငံသို့ကြွရောက်လာသည့် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ သီတဂူ ဆရာတော်ကြီးသည် လုမ္ဘိနီ၌ သီတင်းသုံးနေစဉ်ကာလအတွင်း နိုဝင်ဘာ ၃၀ ရက်က လုမ္ဘိနီဥယျာဉ်အတွင်းရှိမယ်တော်မာယာကျောင်းဝင်းအတွင်းသို့ ကြွရောက်တော်မူသည်။

ထို့နောက် မြန်မာအစိုးရနှင့် စေတနာရှင် ပြည်သူများ လှူဒါန်းတည်ထားကိုးကွယ်သည့် မြန်မာ့ရွှေကျောင်းတော်သို့ ကြွရောက်ပြီး မြန်မာ့ရွှေကျောင်း ပရိဝုဏ်အတွင်း ရွှေတိဂုံစေတီတော်ပုံတူ တည်ထားကိုးကွယ်သည့်လောကမဏိစူဠာစေတီတော်ကို သွားရောက်ဖူးမြော်ကာ စေတီတော်ဝင်းအတွင်း ဆရာတော်ကြီးနှင့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းတည်ဆောက်ထားသည့် အာသောကကျောက်စာတိုင်များ ချို့ယွင်းနေမှုများအပေါ် ပြင်ဆင်ရန် ကိစ္စရပ်များနှင့် စေတီတော်ကြီးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည်များ၊ မြန်မာ့ရွှေကျောင်းတော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ အရှည်တည်တံ့ရေးနှင့် ဘုရားဖူးလာပြည်သူများ အဆင်ပြေစွာ တည်းခိုနိုင်ရေး ကိစ္စရပ်များ စီစဉ်ထားရှိမှုများနှင့် ပတ်သက်၍ တင်ပြမှုများအပေါ် လိုအပ်သည်များ မိန့်ကြားသည်။


လောကမဏိစူဠာစေတီတော်သည် ၁၉၉၅ ခုနှစ် မေလတွင် နီပေါနိုင်ငံ လုမ္ဘိနီဥယျာဉ်၌ မြန်မာနိုင်ငံ၏ ပထမဆုံး သာသနိကအဆောက်အအုံ အလှူအဖြစ် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ လှူဒါန်းမှုဖြင့် စတင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ရွှေတိဂုံစေတီတော်ပုံတူ ဉာဏ်တော် ၇၂ ပေရှိသည့် စေတီတော်ဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် Thousands of Buddha Temple ဘုန်းတော်ကြီးကျောင်းသို့ ပင့်ဖိတ်မှုအရ ကြွရောက်ရာ Thousands of Buddha Temple ကျောင်းထိုင်ဆရာတော်၊ ရဟန်းသံဃာများနှင့် သီလရှင်များ၊ ဒါယကာ၊ ဒါယိကာမများက ကြိုဆိုကြပြီး သီတဂူဆရာတော်ကြီးက ဓမ္မမိတ်ဆွေများအား ဝိပဿနာတရားတော်များ ဟောကြားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးသည် Lumbini Buddhist University ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (International Seminar on Exploring Gautam Buddha's Teachings on Peacekeeping and Sustainable Development) သို့ တက်ရောက်ပြီး ငြိမ်းချမ်းရေး၏ အရေးကြီးပုံ၊ ငြိမ်းချမ်းရေးသည် တစ်ကမ္ဘာလုံး အတွက်အရေးကြီးသလို လူတစ်ဦးချင်းစီ အတွက်လည်း ပိုမိုအရေးပါကြောင်း မိန့်ကြားသည်။

ဒီဇင်ဘာ ၁ ရက်တွင် ဆရာတော်ကြီးနှင့် ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ရရှိသူ သီလရှင် ဆရာကြီး ဒေါ်ခမ္မဝံတီ (ခေါ်) သမီးချစ်တို့အား မြန်မာသံရုံး ဝန်ထမ်းများနှင့် မိသားစုများက သီတဂူ Dharma Kirti Vihar ကျောင်း၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီး မြန်မာနိုင်ငံသို့ ပြန်လည် ထွက်ခွာရာတွင် သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက လိုက်ပါပို့ဆောင်ခဲ့ကြသည်။

သီတဂူဆရာတော်ကြီးသည် ကတ္တမန္ဒူးမြို့ရှိ World Peace Temple ကျောင်းတွင် သီတင်းသုံးနေသည့် သံဃာတော်များအတွက် သင်္ကန်းအစုံ ၁၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများ တာဂျ်မဟာသို့ သွားရောက်လေ့လာ

နယူးဒေလီ ဒီဇင်ဘာ ၁

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများသည် နိုဝင်ဘာ ၃၀ ရက်တွင် အာဂရာမြို့ရှိ သမိုင်းဝင် တာဂျ်မဟာ အဆောက်အအုံသို့ သွားရောက်လေ့လာခဲ့ကြသည်။

တာဂျ်မဟာအဆောက်အအုံသည် ကမ္ဘာ့အထင်ရှားဆုံးအဆောက်အအုံတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံတွင် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများပြားသည့် နေရာတစ်ခုလည်းဖြစ်သည်။

တာဂျ်မဟာအဆောက်အအုံသည် ၁၉၈၃ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့အမွေအနှစ်အနေဖြင့် သတ်မှတ်ခံခဲ့ရသည်။ တာဂျ်မဟာသည် မဂိုဗိသုကာပညာ၏ အကောင်းဆုံး ဥပမာတစ်ခုအဖြစ် ပြောနိုင်ပြီး အချို့က ကမ္ဘာပေါ်တွင် အလှဆုံးသော အဆောက်အအုံကြီးဟူ၍ တင်စားပြောဆိုကြသည်။ အာဆီယံ-အိန္ဒိယ ချစ်ကြည်ရေးခရီးစဉ်သို့ ပူးပေါင်းပါဝင်သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့မှ သတင်းမီဒီယာသမား ၁၃ ဦးသည် ဒီဇင်ဘာ ၁ ရက်တွင် မွမ်ဘိုင်းမြို့ရှိ Gateway of Indiaနှင့် Elephanta Caves တို့သို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး

၂၀၂၄ ခုနှစ် ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မိတ်ဆုံစားပွဲ ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁

၂၀၂၄ ခုနှစ် ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ခရိုင်အားကစားကွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ရှမ်းနှစ်သစ်ကူးပွဲတော် ဖြစ်မြောက်ရေးကော်မတီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် မိတ်ဆုံစားပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ပြခန်းများကို လှည့်လည် ကြည့်ရှုကြသည်။ ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက မွန်း တိုင်းဟန်လီ (ရှမ်းပြည်နယ် အလှ)၊ ခေးဆေလိုင်း (ရှမ်းရိုးရာ) သီချင်းဖြင့် အဖွင့်သီချင်း သီဆို ဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီး ချုပ်၊ တိုင်းမှူးနှင့် ရှမ်းနှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေး ကော်မတီ နာယကတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် ၂၁၁၉ ခုနှစ် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲနှင့် အကပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ရာ ဆုရရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအကအဖွဲ့များက အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားတက္ကသိုလ်၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်

မြစ်ကြီးနား ဒီဇင်ဘာ ၁

ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်၏ (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်း သဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာ စကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပါမောက္ခချုပ်ဒေါက်တာအောင်ဝင်းက ပညာသင်နှစ်အလိုက် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့ရများနှင့် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရ လူငယ်မောင်မယ်များအား သက်ဆိုင်ရာဘွဲ့အသီးသီးကို ပေးအပ်ချီးမြှင့်သည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၉ နာရီက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် အောင်ချမ်းသာဘုန်းတော်ကြီးကျောင်း၌ တိုင်းလိုင်ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာပွဲတော်တစ်ခုဖြစ်သည့် ၂၀၂၄ ခုနှစ်၊ ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်ဦးဆွမ်းကပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြပြီး တိုင်းလိုင်ရှမ်းမျိုးနွယ်စု နှစ်သစ်ကူးပွဲတော်အတွက် ထောက်ပံ့လှူဒါန်းငွေများကို လည်းကောင်း၊ ရိုးရာဖျော်ဖြေရေးအကအဖွဲ့များအတွက် ချီးမြှင့် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အလားတူ နောင်ခမ်းရှမ်းရွာအတွင်းရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခမ္မာရုံ၌ တိုင်းလုံ ရှမ်းမျိုးနွယ်စုများ၏ ၂၀၂၄ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်ဦးဆွမ်းကပ်ပွဲအခမ်းအနားသို့ တက်ရောက်



ခဲ့ကြပြီး ရှမ်းတိုင်းရင်းသားလူငယ်အကအဖွဲ့များက ရှမ်းရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး နှစ်သစ်ကောက်ဦးကို နေ့လယ်စာအဖြစ် အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

တိုင်းပြည်အတွက် ခေတ်အဆက်ဆက်မှ အသက်ပေးလှူသွားသော သူရဲကောင်းစစ်သည်များအတွက် (၁၁) ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားခဲ့သည့် ခေတ်အဆက်ဆက်မှ သူရဲကောင်း စစ်သည်များအား အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို (၁၁)ကြိမ်မြောက်အဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်(နေပြည်တော်)၌ ကျင်းပသည်။



တက်ရောက်

အဆိုပါ ဂါရဝပြုဆုတောင်းပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအသင်း၊ ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်းနှင့် တပ်မတော်ကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို တက်ရောက်လာကြသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်း သီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်း စစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄ ချက်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ရည်စူး၍ ဝမ်းနည်းခြင်း အထိမ်းအမှတ် နှစ်မိနစ် ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သော ကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရ ငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များ လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက တိုင်းပြည်အတွက် အသက်ပေးလှူသွားသော သူရဲကောင်း စစ်သည်များအတွက် ဂုဏ်ပြုပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း သူရဲကောင်းစစ်သည်များအား ရည်စူး၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သင္ခါရုံကျောင်းတိုက်၌ သံဃာတော်များအား အရက်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်


အားကောင်းသောမုန်တိုင်းငယ်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်ဂယ်လ်" သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေကို ပူဒူချယ်ရီမြို့အနီးမှ ဖြတ်ကျော်ခဲ့ကာ အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်)စုပေါင်းလမ်းလျှောက်ပွဲများကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်)စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်နယ်များ၌ ကျင်းပကြသည်။

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်း တန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်း လမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌ လည်းကောင်း၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်း လမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ



မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့နှင့် တပ်နယ်စစ်ရေးပြကွင်းများ၌ လည်းကောင်း ကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိစစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို သတ္တမအကြိမ် ထားဝယ်အမျိုးသားနေ့အခမ်းအနား တက်ရောက်

ထားဝယ် ဒီဇင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တိုင်းရင်းသားတို့၏ သတ္တမအကြိမ် ထားဝယ်အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ထားဝယ်မြို့မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)အဖွဲ့က ထားဝယ်အမျိုးသားအလံတော်ကို စင်မြင့်ထက်တွင် စိုက်ထူပြီး ဖိတ်ကြားထားသောဧည့်သည်တော်များက အလံတော်ကို အလေးပြုခဲ့ကြသည်။



သြဝါဒကထာမြွက်ကြား

ထို့နောက် ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)နာယကဆရာတော်ဘဒ္ဒန္တပိသုန္ဒရက သြဝါဒကထာမြွက်ကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သတိုးမဟာသရေစည်သူ သတိုးသီရိသုမင္ဂ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့လာသော သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီဦးမြတ်ကိုက ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phan နော်တောင်က ပေးပို့လာသော သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဖတ်ကြားပြီး ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)ဥက္ကဋ္ဌ ဦးအောင်မျိုးက ထားဝယ်အမျိုးသားနေ့ဖြစ်ပေါ်လာပုံနှင့် အခမ်းအနားကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်၈နီးက ထားဝယ်အမျိုးသားနေ့အတွက် လှူဒါန်းသော ကျပ် ၇၅ သိန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပေးအပ်ရာ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက ထားဝယ်အမျိုးသားနေ့အထိမ်းအမှတ် ထားဝယ်ဒေသအလှဖွဲ့တေးများ သီချင်းဆိုပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုချီးမြှင့်ပြီး ဆုရရှိသူများက ပြန်လည်သီဆိုဖျော်ဖြေကာ ထားဝယ်အမျိုးသားနေ့ဖြစ်မြောက်အောင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာသောဧည့်သည်တော်များအား ထားဝယ်ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တာဝန်ရှိသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဒေသခံပြည်သူများအားနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ပဲခူးမြို့၌ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပ

ပဲခူး ဒီဇင်ဘာ ၁

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယခု အိပ်ချ်အိုင်ဗွီပိုးကာကွယ်ရေးလုပ်ငန်းအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အားလုံးတွင် အရိုန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အားလုံးနှင့် ခုတင် ၂၀၀ အထက် ဆေးရုံကြီးသုံးရုံတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများအတွက် ပြုစုကုသရေးလုပ်ငန်း၏ အဓိကဖြစ်သည့် အေအာရ်တီဆေးပေးဝေမှုကို ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ်တွင်လူနာပေါင်း ၁၅၀၀ဖြဦးအား အေအာရ်တီဆေးပေးခန်းပေါင်း ၂၆ ခုဖြင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဆေးရုံကြီးများ၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် ကုသပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇေမင်းထွန်းက ဖတ်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက ပြသထားသည့် ကျန်းမာရေးပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ၂၀၂၄ ခုနှစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ တက်ရောက်ရန် ရုရှားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် ၂၀၂၄ ခုနှစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ တက်ရောက်ရန် ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

သတင်းစဉ်

မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ SMEs ထုတ်ကုန်များပြပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနှင့်အင်ဒိုနီးရှားနိုင်ငံတို့၏ SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသပွဲကို ဒီဇင်ဘာ ၁ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မဂ်လာခန်းမ၌ ကျင်းပရာ နှစ်နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၁ ခုက ပြခန်းပေါင်း ၁၉ ခန်း ပါဝင်ပြသကြသည်။

အဆိုပါပြပွဲတွင် လူသုံးကုန်သားရေထည်ပစ္စည်းများ၊ ဆေးဝါးများ၊ အထည်အလိပ်များ၊ စားသောက်ကုန်များ၊ မြန်မာ့လက်မှု အနုပညာပစ္စည်းများ၊



ကျောက်မျက်ရတနာအထည်များ၊ သစ်ထွင်းလေဆာပန်းချီကားများ၊ မော်ဒန်ပရိဘောဂများ၊ မြန်မာ့လက်ဖက်အစစ်ကို အသုံးပြုထားသည့် Collective mark ရရှိထားသည့် လက်ဖက်ထုတ်ကုန်များကို ပြသထားသည်။

အဆိုပါ ပြပွဲအခမ်းအနားသို့ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပါဝင်ဆွေးနွေး

ပြပွဲတွင် SMEs ထုတ်ကုန်များဖြင့်တင်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲကိုပြုလုပ်ရာ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စီးပွားရေးပညာရှင်တို့က ပါဝင်ဆွေးနွေးကြသည်။

ပြပွဲကို ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပြသခဲ့ကြောင်း သိရသည်။

မျိုးမင်းသူရ



ကျုံပျော်မြို့၌ အခြေခံစားသောက်ကုန်များ သက်သာသောနှုန်းထားဖြင့် ရောင်းချပေး

ကျုံပျော် ဒီဇင်ဘာ ၁

အခြေခံ စားသောက်ကုန်များဖြစ်သော ကြက်ဥ၊ ဘဉ်များအား သက်သာသော နှုန်းထားဖြင့် ရောင်းချပေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ကျုံပျော်မြို့မြို့မဈေးအနီး လူစည်ကားရာ နေရာတွင် ပြည်သူများအား ကြက်ဥတစ်လုံးလျှင် ကျပ် ၃၈၀ နှုန်းဖြင့် အလုံးရေ ၁၀၀၀၊ ဘဉ်တစ်လုံးလျှင် ကျပ် ၄၈၀ နှုန်းဖြင့် အလုံးရေ ၅၀၀ အား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံဝရှောင်ကြဉ်ကြပါစို့

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါနယ်ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါတို့ တွေ့ဆုံ

ဝါရှင်တန် ဒီဇင်ဘာ ၁

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါနယ်ထရမ့်နှင့် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒေါတို့သည် ဖလော်ရီဒါရှိ ဒေါနယ်ထရမ့်၏ Mar-a-Lago နေအိမ်၌ ယမန်နေ့က တွေ့ဆုံခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး မှောင်ခို ကူးသန်းရောင်းဝယ်ရေး အပါအဝင် နှစ်နိုင်ငံ အတူတကွ ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကနေဒါနှင့်တခြားနိုင်ငံများမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုအတွင်းသို့ မူးယစ်ဆေးဝါးတရားမဝင် တင်သွင်းမှုသည် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ် စည်းမျဉ်းများ အားနည်းမှုကြောင့် ဖြစ်ကြောင်း ဒေါနယ်ထရမ့်က ထုတ်ဖော်ပြောကြားသည်။



မူးယစ်ဆေးဝါးသည် အမေရိကန်နိုင်ငံ ပြည်သူများအတွက် ဆိုးရွားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်လာသည့်အတွက် မူးယစ်ဆေးဝါးတရားမဝင် တင်သွင်းမှုမရှိစေရန် တင်းကျပ်သော စည်းမျဉ်းများ ချမှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ထရမ့်က ပြောသည်။

ထို့ပြင် ကနေဒါနှင့် အမေရိကန်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထရမ့်က ပြောသည်။

ကနေဒါဝန်ကြီးချုပ်သည် နှစ်နိုင်ငံကုန်သွယ်ရေး ကိစ္စရပ်များအတွက် ဒေါနယ်ထရမ့်နှင့် အပြုသဘော ဆောင်သော ဆွေးနွေးမှုရှိခဲ့ကြောင်း ဆွေးနွေးပွဲ အပြီးတွင် သတင်းထောက်များအား ပြောကြားသည်။

ညစာစားပွဲသို့ တက်ရောက်လာသူများတွင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ရန် ရွေးချယ်ခံထားရသည့် ဟောင်းဝပ်လတ်နစ်ခ်နှင့် အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် ခန့်အပ်ရန် ရွေးချယ်ထားသည့် မိုက်ဝေါထ်တို့ ပါဝင်ကြောင်း သိရသည်။

ရာဇဝတ်မှုများနှင့် မူးယစ်ဆေးဝါးများကို မကျဆီကိုနှင့် ကနေဒါနိုင်ငံတို့မှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ သယ်ဆောင်လာသည့်အတွက် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု ရပ်တန့်သွားစေရန် နှစ်နိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းအားလုံးအပေါ် အခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက်တွင် ထရမ့်က ကြေညာခဲ့သည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီ အစည်းအဝေး တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပ

ဆိုးလ် ဒီဇင်ဘာ ၁

ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ နိုဝင်ဘာ ၂၅ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

ပလတ်စတစ်ညစ်ညမ်းမှုလျော့ချရေးဆိုင်ရာ ကုလသမဂ္ဂပဋိညာဉ်စာချုပ်အတွက် စေ့စပ်ညှိနှိုင်းရာတွင် နိုင်ငံပေါင်း ၁၇၀ ကျော်သည် ၎င်းတို့၏ဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် ပြီးစီးရန် စီစဉ်ထားသော်လည်း တိကျသောရလဒ် ထွက်ပေါ်ခြင်းမရှိသေးသည့်အတွက် ဆွေးနွေးမှုများ ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် ချမှတ်ခဲ့သော ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာညီလာခံ၏ ဆုံးဖြတ်ချက်အရ ပလတ်စတစ်ညစ်ညမ်းမှုလျော့ချရေး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ကို ယခုနှစ်ကုန်တွင် စတင်အကောင်အထည်ဖော်ရမည်ဖြစ်သည်။

အစည်းအဝေးတွင် ပလတ်စတစ်ထုတ်လုပ်မှုကို ထိန်းညှိခြင်းနှင့် ပတ်သက်ပြီး အဓိကဆွေးနွေးလျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ်ညစ်ညမ်းမှုလျော့ချရေး ရည်မှန်းချက်များ သတ်မှတ်ခြင်းအတွက် တရားဝင်မဟုတ်သော မူကြမ်းတစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး နိုင်ငံများအား ၎င်းတို့ထုတ်လုပ်သည့် ပမာဏနှင့် ရည်မှန်းချက်အောင်မြင်ရန် မည်သို့ဆောင်ရွက်ခဲ့သည်များကို အစီရင်ခံရန် လိုအပ်ကြောင်း ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌက ပြောကြားသည်။

ပလတ်စတစ်လျော့ချရေးဆိုင်ရာ ကြိုးပမ်းမှုများကို ရေနံထုတ်လုပ်သည့် နိုင်ငံအများစုက ဆန့်ကျင်လျက်ရှိသည်။

ပြန်လည်အသုံးပြုရန် ခက်ခဲသော ပလတ်စတစ်ပစ္စည်းများကို လျော့ချရန် သို့မဟုတ် တားမြစ်ရန် အဆိုပါမူကြမ်းတွင် ဖော်ပြထားကြောင်း သိရသည်။

ပလတ်စတစ်အမှိုက်များကို ပြန်လည်အသုံးပြုခြင်း သို့မဟုတ် စွန့်ပစ်ခြင်းလုပ်ငန်းစဉ်အတွက် ပလတ်စတစ်ထုတ်လုပ်သူများက တာဝန်ယူမှုဖြင့် ဆောင်ရွက်ရမည်ကိုလည်း အဆိုပါမူကြမ်းတွင် တောင်းဆိုထားကြောင်း သိရသည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



ဆီးရီးယားနိုင်ငံ၌ ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အီရန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

တီဟီရန် ဒီဇင်ဘာ ၁

ဆီးရီးယားနိုင်ငံ၌ ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများနှင့် ပတ်သက်၍ အီရန်နိုင်ငံခြားရေးဝန်ကြီးဆာယတ်ဒ် အဗတ်အေရာချီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလတ်ဗရော့တ်တို့ နိုဝင်ဘာ ၃၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

၎င်းတွေ့ဆုံမှုတွင် နှစ်နိုင်ငံအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးမှုအတွင်း ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုကို အီရန်နှင့် ရုရှားနိုင်ငံတို့က ကူညီစောင့်ရှောက် သွားမည်ဟု နိုင်ငံခြားရေးဝန်ကြီးများက ထပ်လောင်းပြောကြားသည်။

၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အက်စတာနာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ လုပ်ငန်းမူဘောင်အရ ဆီးရီးယားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် တိုက်ခိုက်မှုများကို အီရန်၊ ရုရှားနှင့် တူရကီယဲနိုင်ငံများက ပူးပေါင်းကူညီဖြေရှင်းရန် ကတိကဝတ်ပြုထားသည်။

နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ကူညီဆောင်ရွက်ရန် တာဝန်ရှိကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီး အေရာချီက သတိပေးပြောကြားသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် မော်စကိုနှင့်တီဟီရန်တို့အကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လိုအပ်ကြောင်း လတ်ဗရော့တ်က ပြောကြားသည်။ ဆီးရီးယားနိုင်ငံအလယ်ပိုင်း အလက်ပိုနှင့် အိုင်ဒတ်ဒေသများ၌ စစ်သွေးကြွအဖွဲ့များက နိုဝင်ဘာ ၂၇ ရက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း ဆူမားတြားပြည်နယ်၌ မြေပြိုမှုဖြစ်ပွား

ဂျကာတာ ဒီဇင်ဘာ ၁

အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း ဆူမားတြားပြည်နယ်၌ နိုဝင်ဘာ ၂၉ ရက်တွင် မြေပြိုမှုဖြစ်ပွားရာ အနည်းဆုံး ဒေသခံ ခုနစ်ဦး သေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးနေကြောင်း ရှာဖွေကယ်ဆယ်ရေး တာဝန်ရှိသူများက ပြောကြားသည်။

ရုပ်အလောင်းခုနစ်လောင်းအား ရှာဖွေတွေ့ရှိခဲ့ပြီး အခြားသေဆုံးဒဏ်ရာရသူများကိုလည်း ရှာဖွေလျက်ရှိကြောင်း ပြည်နယ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းရုံးအကြီးအကဲ တူအာတာ ယာမာဂျာယာဆာယာဂျိက ပြောကြားသည်။ နိုဝင်ဘာ ၂၆ ရက်မှစတင်၍ ၎င်းပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများ စတင်ဖြစ်ပွားခဲ့သည်။

ဆောင်ရွက်

မြေပြိုမှုအတွင်း ထရပ်ကားနှင့် ဘတ်စ်ကားများ မြေအောက်သို့ နစ်မြုပ်ပျက်စီးခဲ့သည်။ စက်ယန္တရားကြီးများကို အသုံးပြုကာ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မိုးလေဝသဌာနမှ တာဝန်ရှိသူများက ဒေသတွင်း မိုးရွာသွန်းမှုလျော့နည်းလာစေရေးအတွက် နည်းပညာများဖြင့် ဆောင်ရွက်လျက်ရှိသည်။

လောလောဆယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် နောက်ထပ် မြေပြိုမှုများဖြစ်ပွားလာနိုင်သည့် အခြေအနေကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများမှာ နှောင့်နှေးလျက်ရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂေးလ် ဝင်ရောက်တိုက်ခတ်

နယူးဒေလီ ဒီဇင်ဘာ ၁

ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂေးလ်သည် နိုဝင်ဘာ ၃၀ ရက် ညပိုင်းတွင် အိန္ဒိယနိုင်ငံ တောင်ပိုင်းပြည်နယ်များဖြစ်သော ပူဒူချာရီနှင့် တမီလ်နာဒူးတို့၌ ဝင်ရောက်တိုက်ခတ်ခဲ့ရာ အဆိုပါဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ပူဒူချာရီပြည်နယ်၌ မိုးရေချိန် ၄၂ စင်တီမီတာ စံချိန်တင်ခဲ့ပြီး နှစ် ၃၀ အတွင်း အမြင့်ဆုံးဖြစ်သည်။

ခန့်မှန်းပြောကြား

ဆိုင်ကလုန်းမုန်တိုင်း ဖန်ဂေးလ်သည် ပူဒူချာရီ ကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်ပြီး လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၉၀ အထိ တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းပြောကြားသည်။

ချန်နိုင်းမြို့နှင့် အနီးဝန်းကျင်ရှိ ဒေသအများအပြား၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ချန်နိုင်းလေဆိပ်၏ တရားဝင်ထုတ်ပြန်ချက်အရ လေကြောင်းခရီးစဉ်အားလုံးကို နိုဝင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီအထိ ပိတ်ထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

လေထုညစ်ညမ်းမှု သတိပြု

ဒေါက်တာမောင်ကျော် (ပါမောက္ခချုပ်-ငြိမ်း)

လေထုဟုဆိုလျှင် ... ကျွန်ုပ်တို့နှာခေါင်းဝရှေ့မှ သည် ကောင်းကင်ယံထိရှိသော အငွေ့များ။ ထိုဓာတ်ငွေ့များတွင် အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်းနှင့် အခြားဓာတ်ငွေ့ ၁ ရာခိုင်နှုန်းပါဝင်ကြသည်။ ဓာတ်ငွေ့များကို ကျွန်ုပ်တို့မမြင်နိုင်သော်လည်း လေတိုက်သည့်အခါ သစ်ရွက်သစ်ကိုင်းများ လှုပ်သည်ကိုမြင်ရ၏။ ယပ်ခတ်သည့်အခါ၊ ပန်ကာဖွင့်သည့်အခါ လေနှင့် ထိတွေ့သည်ကိုသိ၏။ ရန်ုသင်းသည့်အမွှေးအကြိုင်တို့ နှာခေါင်းဝရောက်ကာ အနံ့ရသည်မှာ လေထုက သယ်ဆောင်ပို့ဆောင်ပေးသည်ဟု သိပ်ပံပညာက ရှင်းပြ၏။ လေသည် ဓာတ်ငွေ့ငါးမျိုးပါဝင်သော အရောအနှောဖြစ်သည်။ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ အာဂွန်၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေခိုးရေငွေ့တို့ပါဝင်သည်။ ပထမလေးမျိုးတို့သည် ဓာတ်ငွေ့များအဖြစ် လေထုတွင်ရှိကြသည်။

ကောင်းကင်ယံ၌ရှိသော မိုးတိမ်တို့သည် ရေခိုးရေငွေ့ဖြင့် ဖွဲ့စည်းထား၏။ မိုးတိမ်များကြောင့် မြေပြင်တွင် အရိပ်ရ၏။ ရေခိုးရေငွေ့တို့သည် မိုးတိမ်များတွင် ရေစက်များ (waterdrops, raindrops) အဖြစ် တည်ရှိကာ မိုးရွာသည်ဆိုသည်မှာ ထိုရေစက်များ ကျလာခြင်းနှင့် အခြားသောရေငွေ့များသည် ရေ၊ မိုးရေအဖြစ် မိုးရွာချခြင်းဖြစ်သည်။

ထိုမိုးတိမ်တိုက်ဝန်းကျင်ရှိ အငွေ့များသည် လေထုဖြစ်၏။ ထိုလေထုကို မမြင်ရသော်လည်း မိုးတိမ်တို့ ရွှေ့လျားနေခြင်းမှာ လေထုကြောင့်ဖြစ်၏။ ထိုလေထုသည် အဖိုးမဖြတ်နိုင်သော သယံဇာတလည်းဖြစ်၊ လူနှင့် သတ္တဝါအပေါင်းအသက်ရှူရန်နှင့် ဆက်လက်ရှင်သန်ရန်လည်းဖြစ်သည့်အတွက် လေ၏ဓာတ်သဘောကို ကျောင်းသင်ခန်းစာအဆင့် ထက်မက ကျွန်ုပ်တို့သိရှိရန် လိုအပ်သည်။

နေ့စဉ်ရှူရှိုက်သည့်လေ

ကျွန်ုပ်တို့သည် မွေးကတည်းက အသက်ရှင်လျက်ရှိသည့်ကာလအတွင်း လေကို နေ့စဉ် အကြိမ်ပေါင်းများစွာ ရှူရှိုက်လျက်ရှိ၏။ သဘာဝတရားကြီးသည် လွန်စွာဆန်းကြယ်ပါ၏။ ရှူရှိုက်ဖို့ လေကို **"ရောင်းသူ"** ရှိသလားဆိုရင်မရှိ။ ငွေဖြင့် ပေးရသလားဆိုရင် မပေးရ၊ အလိုအလျောက် တစ်နေ့လျှင် ကြိမ်ဖန်များစွာ အသက်ရှူလျက်ရှိကြ၏။ သိပ်ပံပညာက သေချာပေါက်ပြောနိုင်သည်မှာ ငါးမိနစ်မှ ၁၀ မိနစ်ထက် ကျော်လွန်၍ လေကောင်းလေသန့်မရလျှင် အသက်ရှင်ဖို့မဖြစ်နိုင်။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်၊ လေအသက် ၁၀ မိနစ်ဆိုသည်ကို ထောက်ရှုလျှင် လူသားတို့အတွက် လေသည် အရေးကြီးပုံ၊ လေကောင်းလေသန့် ဖြစ်ထွန်းရရှိရေးသည် မည်မျှအရေးကြီးကြောင်း သိနိုင်ပေသည်။ ငွေဖြင့် ပေးမဝယ်ရသော **"အလကားး"** ရသော လေနှင့် မိုးရေတို့သည် လွန်စွာမှတန်ဖိုးရှိကြောင်း လူတိုင်းသိကြရမည်။

နှစ်ပေါင်းသန်းချီ၍ ကြာလာသည့်အခါ ပထဝီ၊ မြေထု၊ လေထု၊ ရေထုတို့သည် ကမ္ဘာကြီး ပူနွေးမှုနှင့်အတူ ပြောင်းလဲခဲ့သည်။ အချိန်ကြာလာသည့်အခါ ပင်လယ်၊ သမုဒ္ဒရာအဖြစ် ရေများဖြင့် ပြည့်လာခဲ့သည်။ ယနေ့အချိန်အခါတွင် ကမ္ဘာကြီးသည် မြေထု ၃၀ ရာခိုင်နှုန်း၊ ရေထု ၇၀ ရာခိုင်နှုန်းဖြင့် တည်ရှိနေသည်။ ကောင်းကင်ယံမှကြည့်သော် ကျွန်ုပ်တို့၏ ကမ္ဘာသည် အပြာရောင် ကျောက်ခဲတုန်းငယ် (blue marble) အဖြစ် မြင်နိုင်ကြောင်း ၁၉၇၁ ခုနှစ် ဂူလိုင်လအတွင်း အာကာသယာဉ်မှူး ဂျိမ်းစ်အာဝင် (James Irwin) က ဓာတ်ပုံရိုက်၍ ပြသခဲ့သည်။ ကမ္ဘာကြီးသည် အပြာရောင်ကျောက်စရစ်ခဲတုံးအဖြစ် ပကတိမျက်စိဖြင့် မြင်ရသူတို့မှာ ထိုစဉ်က အာကာသတွင်းဂြိုဟ်တုများဖြင့် ရောက်ခဲ့သည့် ယာဉ်မှူးများဖြစ်သည်။

> **"ကျွန်ုပ်တို့သည် မွေးကတည်းက အသက်ရှင်လျက်ရှိသည့်ကာလအတွင်း လေကို နေ့စဉ် အကြိမ်ပေါင်းများစွာ ရှူရှိုက်လျက်ရှိ၏။ သဘာဝတရားကြီးသည် လွန်စွာဆန်းကြယ်ပါ၏။ ရှူရှိုက်ဖို့ လေကို "ရောင်းသူ"ရှိသလားဆိုရင်မရှိ။ ငွေဖြင့် ပေးရသလားဆိုရင် မပေးရ၊ အလိုအလျောက် တစ်နေ့လျှင် ကြိမ်ဖန်များစွာ အသက်ရှူလျက်ရှိကြ၏။ သိပ်ပံပညာက သေချာပေါက်ပြောနိုင်သည်မှာ ငါးမိနစ်မှ ၁၀ မိနစ်ထက် ကျော်လွန်၍ လေကောင်းလေသန့်မရလျှင် အသက်ရှင်ဖို့မဖြစ်နိုင်။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်၊ လေအသက် ၁၀ မိနစ်ဆိုသည်ကို ထောက်ရှုလျှင် လူသားတို့အတွက် လေသည် အရေးကြီးပုံ၊ လေကောင်းလေသန့် ဖြစ်ထွန်းရရှိရေးသည် မည်မျှအရေးကြီးကြောင်း သိနိုင်ပေသည်။ ငွေဖြင့် ပေးမဝယ်ရသော "အလကားး" ရသော လေနှင့် မိုးရေတို့သည် လွန်စွာမှတန်ဖိုးရှိကြောင်း လူတိုင်းသိကြရမည်"**

နှစ်သန်းပေါင်းများစွာ ကြာမြင့်ခဲ့သော ကမ္ဘာ့လေထုအတွင်းမှ ဓာတ်ငွေ့များကို မြေပြင်တွင်လည်းကောင်း၊ ကောင်းကင်ယံမှလည်းကောင်း မြင်နိုင်မည်မဟုတ်။ မမြင်ရသော်လည်း ၁၉၉၇ ခုနှစ်က လွတ်တင်ခဲ့သည့် ဂြိုဟ်တုမှ ရိုက်ယူခဲ့သော ဓာတ်ပုံများအရ ကြီးမားသော ရေကန်ကြီးများ (The Great Lakes)၊ တောင်တန်းကြီးများနှင့် ဘူမိသွင်ပြင်ကြွယ်ဝလှပုံကို ယနေ့ ကျွန်ုပ်တို့သိနားလည်ရသည်။ (The Great Lakes, imaged by Sea-Viewing wide Field-of-View Sensor, aboard a Satellite launched in 1997.)

အောက်ဆီဂျင်ဓာတ်ငွေ့မရှိသော ကမ္ဘာ

ဘူမိဗေဒနှင့် ဓာတုဗေဒပညာရှင်တို့သည် ယူရေနီနိုက် (Uraninite) နှင့် ပိုက်ရိုက် (Pyrite) အစရှိသည့် သတ္တုရိုင်းများကို ခွဲခြမ်းစိတ်ဖြာ ဓာတ်ခွဲကြည့်သည့်အခါ လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၅ ဘီလီယံအတွင်း ကောင်းကင်လေထဲမှာ အောက်ဆီဂျင်ဓာတ်ငွေ့မရှိသလောက် သို့မဟုတ် လွတ်နေသည့်အောက်ဆီဂျင် (Free oxygen) မရှိ၊ အပူချိန်မြင့်မားလွန်းသောဝန်းကျင်၌ အောက်ဆီဂျင်က (ဟိုက်ဒရိုဂျင်အပါအဝင်) များစွာသော ဒြပ်ပစ္စည်းများနှင့် ပေါင်းစပ်နေ၍ပင်ဖြစ်သည်ဟု သိပ်ပံပညာရှင်အပေါင်းက ကောက်ချက်ချနိုင်ခဲ့ပါသည်။ ဟိုက်ဒရိုဂျင်လည်း မရှိသလောက်ပါ။ မည်သည့်အတွက်ကြောင့်ဟုဆိုလျှင် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ပေါင်းလျှင် ရေ၊ ကာဗွန်နှင့် ပေါင်းလျှင် ကာဗွန်မိုနောက်ဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ သတ္တုဒြပ်စင်များနှင့်ပေါင်းလျှင် သတ္တုအောက်ဆိုက်များဖြစ်သွားကြသဖြင့် လေထုတွင် အောက်ဆီဂျင်က အငွေ့အဖြစ် မနေနိုင်ဘဲ သုည ဒသမ တစ်ရာခိုင်နှုန်းထက် ပိုနိုင်ဖွယ်မရှိဟု ယုံကြည်ရသည်။ ယနေ့လေထုတွင်ရှိနေသည့် အောက်ဆီဂျင်ပမာဏမှာ ၂၁ ရာခိုင်နှုန်းရှိသည်။

ကမ္ဘာ့လေထုတွင် အောက်ဆီဂျင်မရှိ၊ နိုက်ထရိုဂျင်၊ အမိုးနီးယား၊ ကာဗွန်မိုနောက်ဆိုက် (carbon monoxide) နှင့် မီသိန်း(Methane) ဓာတ်ငွေ့များဖြစ်သည်။ မီးတောင်ကထွက်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် ရေခိုးရေငွေ့တွင် ပျော်ဝင်သဖြင့် ကာဗွန်နှစ်အက်စစ်အဖြစ် ပြောင်းလဲမည်ဆိုသည်ကို သိပ်ပံပညာရှင်များက လက်ခံကြသည်။ ထိုအက်စစ်များသည် ရေတွင်ရှိနေသော ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ အိုင်းယွန်းများနှင့် ပေါင်းစည်းကာ ထုံးကျောက်၊ ဒိုလိုမိုက် (dolomite) (မဂ္ဂနီဆီယမ်) တို့ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ကမ္ဘာဦးလေထုတွင် အောက်ဆီဂျင်မရှိ၊ နိုက်ထရိုဂျင်၊ အမိုးနီးယား၊ ကာဗွန်မိုနောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့တို့သာရှိခဲ့သည်ဟု ပြောနိုင်ခြင်းဖြစ်သည်။ အလွန်တည်မြဲသော ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေငွေ့တို့သည် လေထုတွင်း၌ တည်ရှိနေတော့သည်။

လေထုတွင်းသို့ အောက်ဆီဂျင် မည်သို့ရောက်လာသနည်း

လွန်ခဲ့သောနှစ်ပေါင်း သန်းသုံးထောင် (သုည ဒသမ ၅ - ၃ ဒသမ ၅ ဘီလီယံ) အချိန်က ဆိုင်နိုဗက်တီးရီးယားအပင်ငယ်လေးများသည် ကမ္ဘာ့ပင်လယ်ရေတွင် အလွန်အမင်း ပေါက်ရောက်ခဲ့ကြသည်။ ပေါက်ရောက်ခဲ့ကြောင်း သိပ်ပံအထောက်အထားများလည်းရှိသည်။ ထိုဆိုင်နိုဗက်တီးရီးယားများ(cyanobacteria)သည် မျက်မှောက်ခေတ် ရုက္ခလောကအပင်များကဲ့သို့ အလင်းဖြင့် ဓာတ်ပစ္စည်းပြုလုပ်မှု (Photosynthesis) အပြည့်အဝမလုပ်ဆောင်နိုင်သော်လည်း လွန်စွာအခြေခံကျသည့် ဂလူးကို့စ် (Glucose) နှင့် အောက်ဆီဂျင်ဓာတ်ငွေ့ကို ထုတ်ပေးခဲ့ကြသည်။ ထို့ကြောင့် လေထုတွင်း အောက်ဆီဂျင်ရောက်လာခြင်းဖြစ်သည်။

$$6CO_2(g) + 6H_2O(aq) + Energy \longrightarrow C_6H_{12}O_6(s) + 6O_2(g)$$


အထက်ဖော်ပြပါ ဓာတ်ပြောင်းလဲခြင်းကို ကြည့်လျှင် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေခိုးရေငွေ့ ရေတို့သည် ထူးခြားမော်လီကျူး တည်ဆောက်ပုံရှိကြပါသည်။ အလွန်တည်မြဲသော ဓာတ်ပစ္စည်းများဖြစ်သည်။ ရေထုတွင် ကာဗွန်ဒိုင်အောက်ဆိုက် (CO_2) မြောက်မြားစွာရှိနေခြင်းကြောင့် ရွှံ့နှံထဲရှိ သတ္တုအောက်ဆိုက်များသည် ဓာတ်ကူပစ္စည်းအဖြစ် ပြုမူသောကြောင့် ဓာတ်ပြောင်းလဲမှုကြီး စတင်ဖြစ်ခဲ့သည်ဟု သိပ်ပံပညာရှင်တို့က ဖော်ထုတ်ပြသခဲ့ပါသည်။ ထို့ကြောင့် ကမ္ဘာ့ရေထုနှင့် လေထု၏ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏသည်လည်း ထိုးကျခဲ့သည်။ ကမ္ဘာ့အပူချိန်သည်လည်း ထိုးကျခဲ့သည်။ ယခုဖြစ်စဉ်သည် နှစ်ပေါင်းသန်းချီ၍ကြာခဲ့သည်။ လေထုတွင်း အောက်ဆီဂျင်ပမာဏသည်လည်း တဖြည်းဖြည်းမြင့်တက်လာရာ ယနေ့လေထုတွင် အောက်ဆီဂျင်ပါဝင်မှုသည် ထုထည်အားဖြင့် ၂၁ ရာခိုင်နှုန်း၌ ရပ်တန့်လျက်ရှိသည်။


ဖိုတွန် *UV* သည် လှိုင်းအလျားတို စွမ်းအင်များပါသည်။ အမှုန်ကဲ့သို့ ပြုမူနိုင်သည်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့မော်လီကျူးများကို ဖွဲ့စည်းထားသည့် ကိုဗေးလင့်ဓာတ်စည်းရိုး အီလက်ထရွန်များကိုရွှေ့ပြောင်း။ ကိုဗေးလင့်စည်းကိုလည်းဖြတ်တောက်နိုင်သောစွမ်းအင်ရှိသည်။ လေထုတွင်းအောက်ဆီဂျင်ရောက်လာရခြင်းသည် ရွှံ့ (clay) ထဲမှ သတ္တုအောက်ဆိုက် ဓာတ်ကူပစ္စည်းများကြောင့်၊ တစ်ဆင့်မြင့်လာသည့်အခါ ဆိုင်နိုဗက်တီးရီးယားများကြောင့် ဖြစ်ခဲ့ရာ ယခုအခါ အဆင့်အမြင့်ဆုံး ဖြစ်စဉ်သည် သစ်တောသစ်ပင်များကြောင့်ဖြစ်သည်ကို သိပ်ပံပညာဆည်းပူးသူတို့ ရှင်းလင်းစွာ နားလည်ကြပြီ။

လေထုတွင် အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်းအထိ မရောက်မီကတည်းက ပရိုင်းမိတ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း သန်း ၃၀/ ၄၀ အတွင်းက ပေါ်ပေါက်လာကြသည်ကို ဘူမိ၊ ဓာတု၊ ဇီဝနှင့် မနုဿပညာရှင်များက အထောက်အထားများဖြင့် ရှင်းလင်းပြခဲ့သည်။ အောက်ဆီဂျင်အစ သစ်ပင်ကဟူ၍ လည်းကောင်း၊ အောက်ဆီဂျင်အစ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေကဟူ၍ လည်းကောင်း ဓာတုဗေဒသဘောအရ ရှင်းပြနိုင်သော်လည်း ရေ၊ မြေ၊ လေ၊ မီး သာမက ဓာတ်ကူပစ္စည်းများ၏ ပါဝင်မှုကအရေးကြီးလှပေသည်။ ဤသို့ပေါင်းစည်းပါဝင်မှုများသည် အကြောင်းတရားတစ်ခု ဤသို့ဖြစ်ပေါ်လာရန် အချိန်ကာလနှစ်ပေါင်းသန်းချီကြာကာလအတွင်း အကျိုးတရား တစ်ကြိမ်သာဖြစ်ရုံဖြင့် အောက်ဆီဂျင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ကြီးမှာ မရပ်မနားဖြစ်နေတော့သည်။ ရောသံသရာ၊ ကာဗွန်သံသရာ၊ နိုက်ထရိုဂျင်သံသရာ၊ အောက်ဆီဂျင်သံသရာတို့ဖြစ်ပေါ်လေတော့သည်ဟု သိပ်ပံပညာအရ နားလည်သည်။

ကမ္ဘာဦးအစ၌ နိုက်ထရိုဂျင်၊ အမိုးနီးယား၊ ကာဗွန်မိုနောက်ဆိုက်နှင့် မီသိန်းဓာတ်ငွေ့များ မည်သို့ပေါ်ပေါက်သည်၊ အဘယ့်ကြောင့် တည်တည်မြဲမြဲရှိနေနိုင်သည်ဆိုသည့် ကျယ်ပြန့်နက်နဲသော ကဏ္ဍအတွက် သိပ်ပံပညာဆည်းပူးမှ နားလည်နိုင်ပါမည်။ သို့သော် သဘာဝအခြေအနေတွင် အောက်ဆီဂျင်ထုထည် ၂၁ ရာခိုင်နှုန်းထက် ကျော်လွန်ခဲ့သည်ရှိသော် ဥပမာ ၂၅ ရာခိုင်နှုန်းရှိပါလျှင် လူနှင့် သတ္တဝါတို့သည် လည်းကောင်း၊ သစ်တောသစ်ပင်မြက်ခင်းပြင်တို့ သည်လည်းကောင်း မည်သို့ ဖြစ်သွားပါမည်နည်း။

စာမျက်နှာ ၁၅ သို့ ❍






❍ စာမျက်နှာ ၁၄ မှ
သင်ရှူလိုက်သောလေ

ကျွန်ုပ်တို့သည် လေကိုရှူလိုက်၊ ထုတ်လိုက် ပုံမှန် မရပ်မနားလုပ်နေကြရ၏။ သွားရင်းလာရင်း စားရင်းသောက်ရင်း အိပ်နေသည့်အခါများတွင်လည်း ရှူသွင်း၊ ရှူထုတ် လုပ်နေကြရ၏။ ဤသို့ပြုလုပ်ခြင်းဖြင့် သွားလာလှုပ်ရှား စဉ်းစားတွေးခေါ်နိုင်၏။ နှာခေါင်းဝမှတစ်ဆင့် အဆုတ်၊ ထိုမှတစ်ဆင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများဆီသို့ သွေးက သယ်ယူပို့ဆောင်၊ ပြန်ထွက်လာသောလေသည် အောက်ပါဇယားတွင် ပြထားသည့်အတိုင်း အပြောင်းအလဲဖြစ်သွားသည်ကို တွေ့ရမည်။

ဇယား ၁ ရှူသွင်း၊ ရှူထုတ်လိုက်သောလေတွင်ပါသည့် ပမာဏ (%)

ဓာတ်ငွေ့	ရှူသွင်းလေ (%)	ရှူထုတ်လေ (%)	မှတ်ချက်
နိုက်ထရိုဂျင်	၇၈.၀	၇၅.၀	
အောက်ဆီဂျင်	၂၁.၀	၁၆.၀	
အာဂွန် (Argon)	၀.၉	၀.၉	ဓာတ်ပြုခြင်းမရှိ
ကာဗွန်ဒိုင်အောက်ဆိုက်	၀.၀၄	၄.၀	
ရေ	၀.၀	၄.၀	



ကျွန်ုပ်တို့ လူသားနှင့် သတ္တဝါအပေါင်းသည် အောက်ဆီဂျင်ဖြင့် ရှင်သန်ကြီးထွားရသည်သာဖြစ်၏။ လေထဲမှ အောက်ဆီဂျင်မရှူရှိက်ရလျှင် အသက် (Life) ဆိုသည် မည်သည့်ဂြိုဟ်ပေါ်၌မဆို ဖြစ်နိုင်ဖွယ်ရာအကြောင်းမရှိ။ လောင်ကျွမ်းခြင်းမဖြစ်နိုင်။ ဓာတ်ပြောင်းလဲခြင်းမဖြစ်နိုင်။ စွမ်းအင်မရနိုင်။ အောက်ဆီဂျင်သည် အလွန်ဓာတ်ပြုလိုသော (High reactivity) ဓာတ်ငွေ့ဖြစ်သည်။ ရှူရှိုက်လိုက်သောလေမှ အောက်ဆီဂျင်သည် ကိုယ်ခန္ဓာဆဲလ်များအတွင်း ဓာတ်ပြုခြင်းများတွင် ပါဝင်သည့်အတွက် ရှူထုတ်လိုက်သည့်လေတွင် အောက်ဆီဂျင်ပမာဏသည် ၁၆ ဒသမ သုည ရာခိုင်နှုန်းသာဖြစ်သည်ကို တွေ့ရ၏။ အလွန်ဓာတ်ပြုလွယ်သော ဂုဏ်သတ္တိကြောင့် အောက်ဆီဂျင်သည် ဟိုက်ဒရိုဂျင်နှင့်ပေါင်းစည်းကာ ရေအဖြစ်လည်းကောင်း၊ ကျောက်တုံးကျောက်ခဲများတွင် အောက်ဆိုက်အဖြစ်လည်းကောင်း ကမ္ဘာမြေလွှာတွင် အောက်ဆီဂျင်ဓာတ်ထုပမာဏ အများဆုံး ပါဝင်နေသည်။ လူ့ခန္ဓာကိုယ်ဒြပ်ထု (mass) အားဖြင့် အများဆုံးပါဝင်သည်။

နိုက်ထရိုဂျင်မှာမူ လေထုတွင်ထုထည်အားဖြင့် လေးပုံသုံးပုံမက (၇၈ ရာခိုင်နှုန်း) ပါဝင်သည်။ သို့ရာတွင် အောက်ဆီဂျင်ကဲ့သို့ ဓာတ်ပြုမလွယ်၊ သုံးရာခိုင်နှုန်း (၇၈.၀ – ၇၅.၀) လျော့ကျသွားခြင်းသည် ရေနှင့်သွေးတွင် နိုက်ထရိုဂျင်၏ ပျော်ဝင်နိုင်မှုကြောင့်ဖြစ်သည်။

ဖော်ပြပါဇယားတွင် Respiration ရှူထုတ်လေ၏ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေပမာဏသည် လေးရာခိုင်နှုန်းအထိ အသီးသီးမြင့်တက်နေကြောင်း တွေ့ရှိရာ အောက်ဆီဂျင်ကြောင့် ဖြစ်ရသည်ကို နားလည်နိုင်ပေသည်။ လေတွင်ပါဝင်သည့် အောက်ဆီဂျင်၏ ဓာတ်ပြုလွယ်သည့် သတ္တိကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေတို့သည် ရှူထုတ်လေတွင် ပို၍ပါဝင်လာခြင်းဖြစ်၏။ လေထုတွင်း ကာဗွန်ဓာတ်ငွေ့ပမာဏသည် ၃၇၅ ပီပီအမ်ဆိုပါစို့။ လူတစ်ယောက်သည် အသက်တစ်ခါရှူရှိုက်လျှင် ကာဗွန်ဓာတ်ငွေ့ ၃၇၅ ပီပီအမ်ဝင်ပြီး ရှူထုတ်လိုက်သည့်အခါ လူ့ကိုယ်ခန္ဓာတွင်း ဆဲလ်ပေါင်းများစွာ၏ အလုပ်မျိုးစုံကြောင့် ကာဗွန်ဓာတ်ငွေ့ပမာဏ လေးသောင်းပီပီအမ် ထွက်လာသည်။

နှင်းဆီပန်းမှ မွှေးရနံ့ကိုရ၏။ ရေချိုးခန်း၊ အလှပြင်ခန်းမှ ရေမွှေးနံ့ကိုရ၏။ (ဒူးရင်းသီးအနံ့ကို လူတိုင်းမနှစ်မြို့၊ လေယာဉ်ပေါ်နှင့် ဟိုတယ်ခန်းများတွင် သယ်ယူခွင့်မပြု။) ထိုအနံ့ရှိသော ဒြပ်ပစ္စည်း ဒြပ်ပေါင်းတို့သည် လေထုတွင်ရောပါလာကြ၏။

ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့အန္တရာယ်

ကျွန်ုပ်တို့ ရှူလိုက်သောလေသည် အနံ့အသက်မရှိ၊ အရောင်အဆင်းမရှိ၊ ထင်းမီးသွေးလောင်ကျွမ်းသည့်အခါ မီးခိုးနံ့ကိုရ၏။ ထိုအနံ့တွင် အနံ့မရှိသော ဓာတ်ငွေ့မှာ ကာဗွန်မိုနောက်ဆိုက်ဖြစ်၏။ ထိုကာဗွန်မိုနောက်ဆိုက်ကို အိမ်ရှင်မတိုင်း ချက်ရင်း ပြုတ်ရင်း ရှူရှိုက်မိသည့်အခါ သွေးလမ်းကြောင်းတစ်လျှောက် ဒုက္ခပေးတော့သည်။

လေထုတွင် ပါဝင်တတ်သော ဤဓာတ်ငွေ့သည် အနံ့အသက်မရှိသဖြင့် ရှူရှိုက်မိလျှင် အသက်အန္တရာယ်ပြုသည့်အတွက် (Silent Killer) တိတ်တဆိတ်လူသတ်သမားဟု အမည်ရသည်။ အဆုတ်ထဲသို့ လေနှင့်အတူ ထိုဓာတ်ငွေ့ရောက်လာလျှင် သွေးလည်ပတ်မှုကို အနောင့်အယှက်ပြုလေတော့သည်။ မော်တော်အင်ဂျင်စက်၏ ထွက်ပေါက် (exhaust) သို့မဟုတ်၊ အရှိန်ပြင်းပြင်းလောင်ကျွမ်းနေသော မီးဖိုကြီးများအနီးတွင် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များရှိတတ်ရာ မသိလိုက်မသိပါ လေကိုရှူရှိုက်မိလျှင် မူးဝေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အော့အန်ခြင်းသည် ကာဗွန်မိုနောက်ဆိုက်၏ အဆိပ်လက္ခဏာဖြစ်၏။

နှလုံးရောဂါဝေဒနာရှင်သည် ကာဗွန်မိုနောက်ဆိုက်ပါဝင်သောလေကို ရှူရှိုက်မိပါက အလွန်ပင် အန္တရာယ်ကြီးလှ၏။ ထို့ကြောင့် မိမိပတ်ဝန်းကျင်ရှိလေသည် ညစ်ညမ်းမှုမဖြစ်ရန်၊ လေဝင်လေထွက်ကောင်းရန် ပြတင်းပေါက်တို့ ဖွင့်ထားရန်လိုအ၏။ စက်ရုံ၊ အလုပ်ရုံကြီးများကလည်း ထိုဓာတ်ငွေ့ကို လေထုတွင်းမရောက်ရန် စည်းကမ်းဥပဒေများ တင်းကျပ်စွာချမှတ်ခြင်း၊ လိုက်နာခြင်းအားဖြင့် လေထုအရည်အသွေး ကောင်းမွန်မည်ဖြစ်သည်။ ကာဗွန်မိုနောက်ဆိုက်ကဲ့သို့ အလားတူ အန္တရာယ်ပြုနိုင်သည့် လေထုထဲမှ ဓာတ်ငွေ့သုံးမျိုးမှာ အိုဇုန်း (Ozone)၊ ဆယ်ဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်အောက်ဆိုက် (Oxides of Nitrogen) တို့ဖြစ်သည်။

အိုဇုန်းဓာတ်ငွေ့အန္တရာယ်

အိုဇုန်းသည် အောက်ဆီဂျင်နှင့် မျိုးတူဖြစ်သော်လည်း အောက်ဆီဂျင်အက်တမ်သုံးလုံးဖြင့် ဖွဲ့စည်းတည်ရှိသော ဓာတ်ငွေ့ဖြစ်သည့် အနံ့ရှိသည့် ဓာတ်ငွေ့၊ မိတ္တူကူးစက်များအနီးတွင် လည်းကောင်း၊ လျှပ်စစ်မော်တာ၊ ထရန်စဖော်မာအနီးတွင် လည်းကောင်း၊ ဂဟေဆော် (Welding Torches)၊ ဓာတ်မီးလုပ်သည့်အခါတွင်လည်းကောင်း အိုဇုန်းဓာတ်ငွေ့ရှိနေကြောင်း ထူးခြားသည့် အနံ့အရသိရသည်။ အောက်ဆီဂျင်နှင့် မတူသည်မှာ အိုဇုန်းသည် အဆိပ်ဓာတ်ငွေ့ဖြစ်၍ အသက်ရှူစနစ်ကို ဒုက္ခပေးသည်။ ပုံမှန်ကျန်းမာသူများ၊ လေ့ကျင့်ခန်းလုပ်နေသူများသည်ပင် အိုဇုန်းဓာတ်ငွေ့အနည်းငယ်မျှရှိနေပါက ကျန်းမာလှုပ်ရှားနေသူတို့၏ အဆုတ်ပုံမှန်လုပ်ဆောင်မှုကို လျော့ကျစေသည်။ လက္ခဏာမှာ ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်းတို့ဖြစ်သည်။ မြေပြင်ရှိ အိုဇုန်းသည် အန္တရာယ်ပေးလျက်ရှိသည်။ Ozone in the troposphere near ground level is often referred to as “bad” ozone. မြို့ကြီးပြကြီးများ၌ မော်တော်ယာဉ်ကြီးငယ်များကြောင့် VOM (or) VOC Volatinc Organic matter Volatile organic compound များကြောင့် အိုဇုန်းဓာတ်ငွေ့ဖြစ်ပေါ်ကာ အန္တရာယ်ပြုဓာတ်ငွေ့ ဖြစ်လေတော့သည်။

၁၀ – ၃၀ မိုင်အထိဖြစ်သော ကောင်းကင်၌ တည်ရှိနေသည့် အိုဇုန်းသည် UV ရောင်ခြည်အား အကာအကွယ်ပေးသဖြင့် မြေပေါ်မှသတ္တဝါတို့ အသက်ရှင်နေနိုင်ခြင်းဖြစ်သည်။ Ozone in the troposphere near ground level is often referred to as “bad” ozone, while ozone in the stratosphere as “good” ozone. ကျွန်ုပ်တို့ သိရှိနေသည့် သိပ္ပံအချက်အလက်တစ်ခုဖြစ်သည့် အိုဇုန်းသည် မြေပြင်မှ ၃၅ ကီလိုမီတာအတွင်း ပါဝင်မှုအမျိုးမျိုးရှိသည်ကို ပုံတွင်တွေ့ရပါမည်။ ထို့ကြောင့် အိုဇုန်းအလွှာ (Ozone Layer) ဟု ခေါ်တွင်နေခြင်းမှာ လွဲမှားထင်စရာဖြစ်နေသည်။

လေထုဆိုသည်

လေထုတွင်းမှာရှိနေသော နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်းသည် UV ရောင်ခြည်၊ ကော့စဖစ် ရောင်ခြည်၊ မိုးကြိုးပစ် လျှပ်စီးလက်ခြင်းတို့ကြောင့် နိုက်ထရိုဂျင်၏ ဓာတ်စည်းသုံးခုသည် ပြိုကွဲရသည်။ ထိုမှ နိုက်ထရိုဂျင်အက်တမ်တို့သည် အောက်ဆီဂျင်နှင့်ပေါင်းစပ်ကာ နိုက်ထရိုဂျင်မိုနောက်ဆိုက်ဖြစ်လာသည်။ ထိုမှတစ်ဆင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ နိုက်ထရစ်အက်စစ်၊ ထိုမှတစ်ဆင့် နိုက်ထရိတ်ဖြစ်တော့သည်။ နိုက်ထရိတ်ဓာတ်ဆားမှန်သမျှသည် ရေတွင်ပျော်ဝင်ကြရာ နောက်ဆုံး၌ ပင်လယ်ရေတွင် စုလေတော့သည်။

ဤဖြစ်စဉ်သည် ရှေးနှစ်ပေါင်း သန်းခြောက်ရာနှင့် လေးရာအတွင်းမှတိုင် ယနေ့အထိ ဖြစ်နေသောဖြစ်စဉ်များဖြစ်၏။ ထိုနိုက်ထရိတ်တို့သည် တန်ပေါင်း ဘီလီယံချီပြီးရှိနေကြ၏။ မြေဆီလွှာပေါ်တွင် မြေဩဇာဖြစ်ရုံမျှမက မြစ်ချောင်းအင်းအိုင်၊ ပင်လယ်သမုဒ္ဒရာအထိ စီးဆင်းသွားကြသည်သာတည်း။ ဤသို့ဖြစ်လျှင် လေထုတွင်းမှ အောက်ဆီဂျင်သည် နိုက်ထရိုဂျင်အက်တမ်နှင့် ပေါင်းစပ်သည့်အတွက် သန်းနှစ်ဆယ်အတွင်း ကုန်ဆုံးသွားမည်ဖြစ်သည်။ လေထုမှ အောက်ဆီဂျင်သည် နိုက်ထရိတ် (NO_3^-) အဖြစ် ကမ္ဘာ့ပင်လယ်ရေတွင် အမြဲရှိနေတော့မည်။

သဘာဝတရားကြီးကား အလွန်ဆန်းကြယ်လှသည်ဟု ဆိုရပေမည်။ ကမ္ဘာ့ပင်လယ်ကြမ်းပြင်တွင် ဒီနိုက်ထရီဖိုင်း (Denitrified) ဗက်တီးရီးယားများ၏ စွမ်းဆောင်ချက်ကြောင့် နိုက်ထရိတ်ဆားများကို အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်အဖြစ် ပြောင်းလဲသွားကြကာ ရေထုနှင့် လေထုတွင်းသို့ နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်ငွေ့အဖြစ် ပြန်လည်ရောက်ရှိလာကြသည်။

ထို့ကြောင့် လေထုတွင် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၇၈ ရာခိုင်နှုန်းနှင့် အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်းသည် အမြဲတစေရှိနေခြင်းဖြစ်သည်။ လေထု၌ရှိသည့် အဓိက ဓာတ်ငွေ့များဖြစ်သည်။ ကမ္ဘာ့လေထု၏ အရည်အသွေးကို ထိန်းထားသော ဓာတ်ငွေ့များဖြစ်သည်ဟု နားလည်လာကြသည်။ အောက်ဆီဂျင် ဓာတ်ငွေ့ ရာခိုင်နှုန်းသည် ၂၁ ထက်ကျော်လွန်ပါက စိမ်းလန်းစွတ်စိုသော မြက်ခင်းပြင်များသည် မီးလောင်ကျွမ်းလွယ်တော့မည်။ သက်ရှိသတ္တဝါတို့၏ နှလုံးခုန်နှုန်းလည်း မြန်လာကာ မြန်မြန်အိုလွယ်မည်ဟု ခန့်မှန်းရပေသည်။ နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်တို့၏ ထုထည်အချိုးဖြစ်သည့် ၇၈ နှင့် ၂၁ ရာခိုင်နှုန်းကို အပြောင်းအလဲမရှိစေရန် စက်မှုလုပ်ငန်းနှင့် မော်တော်ယာဉ်သုံးစွဲသူတို့ကလည်း အထူးဂရုစိုက်ကြရမည်ဖြစ်သည်။

အလိုအပ်ဆုံးဓာတ်ငွေ့နှင့် အန္တရာယ်အပြုဆုံးဓာတ်ငွေ့

လေထုဆိုသည်ကို ကျွန်ုပ်တို့နားလည်လာကြသည်။ လူထုတစ်ရပ်လုံး အသက်ရှင်ကျန်းမာစွာနေထိုင်ရေးအတွက် အလိုအပ်ဆုံးဓာတ်ငွေ့မှာ အောက်ဆီဂျင်၊ ဒုတိယအလိုအပ်ဆုံးမှာ နိုက်ထရိုဂျင်ဓာတ်ငွေ့ဆိုသည်ကိုလည်း သိရှိလာပြီ။ ကျောက်မီးသွေးသုံး၍ လျှပ်စစ်ထုတ်သော စက်ရုံများ၊ မော်တော်ယာဉ်များကလည်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်ကြောင်း၊ လူနှင့် သတ္တဝါအပေါင်းတို့ အသက်ရှူထုတ်ကြသည့်အခါတွင်လည်းကောင်း၊ ရုက္ခသတ္တလောကတို့ ယိုယွင်းပျက်သုဉ်းဆွေးမြည့်သည့်အခါတွင်လည်းကောင်း ကာဗွန်ဒိုင်အောက်ဆိုက်ထွက်သည်ချည်းဖြစ်၏။

ကာဗွန်ဒိုင်အောက်ဆိုက်သည် ကမ္ဘာကြီးပူနွေးစေသော်လည်း မိတ်ဆွေဓာတ်ငွေ့ဖြစ်သည့် ၃၀၀ ပီပီအမ်(ppm) ထက်ကျော်လွန်လျှင် ကမ္ဘာကြီးအတွက် ပူနွေးစေလိမ့်မည်ဆိုသည်လည်း သိရှိလာသည်။ ထို့ကြောင့် ဤဓာတ်ငွေ့မထွက်စေသော နည်းပညာ၊ အထွက်နည်းသော နည်းပညာဖြင့် လျှပ်စစ်စွမ်းအင်ထုတ်ခြင်းနှင့် မော်တော်ယာဉ်များ သုံးစွဲကြရမည်။

ကျွန်ုပ်တို့ ရှူရှိုက်သောလေတွင် အန္တရာယ်အပြုဆုံးဓာတ်ငွေ့မှာ ကာဗွန်မိုနောက်ဆိုက်၊ ဒုတိယအန္တရာယ်ပြုသည့်ဓာတ်ငွေ့မှာ အိုဇုန်းဖြစ်သည်။ ဤဓာတ်ငွေ့နှစ်မျိုးမှာ လူဦးရေနှင့် ယာဉ်များဖြင့် ပြည့်ကျပ်နေသည့် မြို့ပြ၊ မီဂါစီးတီးတို့၌ ကြုံတွေ့ရသော လေထုညစ်ညမ်းမှုပြဿနာဖြစ်သည်ကို နားလည်ကြသည်ဖြစ်ရာ အနာဂတ်မြို့ပြတည်ဆောက်ပုံ၊ လူမှုစီးပွားလုပ်ဆောင်မှုများ ပြုပြင်ပြောင်းလဲရန်၊ လေထုညစ်ညမ်းမှုသတိပြုရန်လိုအပ်ကြောင်း၊ နေရောင်ခြည်၊ ရေအား၊ လေအားများသုံး၍ လျှပ်စစ်ဓာတ်ရရှိရေးကို ပိုမိုလုပ်ဆောင်နိုင်ရန် ဦးတည်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

စစ်တွေ ဒီဇင်ဘာ ၁

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး၌ စတီးလှေကား တပ်ဆင်ခြင်းနှင့် ထီးဖြူတော်နှစ်လက် တပ်ဆင်ရန် ဆရာတော်ကြီးများထံမှ သြဝါဒ ခံယူခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ရွှေစေတီဘုန်းတော်ကြီးကျောင်းတိုက်၌ စစ်တွေမြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်စခန်း၊ စုရပ်များမှ ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး၌ စတီးလှေကား တပ်ဆင်ခြင်းနှင့် ထီးဖြူတော်နှစ်လက် တပ်ဆင်ရန် ဆရာတော်ကြီးများထံမှ သြဝါဒ ခံယူခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မည့် ကိစ္စများနှင့်ပတ်သက်၍ လျှောက်ထားသည်။ ယင်းနောက် ပြည်လုံးချမ်းသာ ဘုရားကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများက သြဝါဒ ကထာများ မိန့်ကြားကြပြီး ဆရာတော်အရှင်သူမြတ်များအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြကာ ပြည်လုံးချမ်းသာ ဘုရားကြီး၌ စတီးလှေကား တပ်ဆင်မည့် နေရာအား လှည့်လည်ကြည့်ရှုကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရွှေစေတီဘုန်းတော်ကြီး ကျောင်းခန်းမဆောင်၌ ယာယီတိုက်ပွဲရှောင်စခန်း၊ စုရပ် ၃၇ ခုမှ ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင် ပြည်သူများအတွက် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ယာယီတိုက်ပွဲရှောင်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမခန်းမအား အကြီးစား အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အဝင်လမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်

မြိတ် ဒီဇင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူများသည် လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြိတ်မြို့အဝင်လမ်း ၁၀ ဒသမ ၇၀၂ ကီလိုမီတာနှင့် ၁၂ ဒသမ ၆၇၃ ကီလိုမီတာကြား ကတ္တရာလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအား လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လမ်းချဲ့ခြင်းလုပ်ငန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်း တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မြိတ်မြို့အဝင်လမ်းအား မူလ ၂၄ ပေမှ ၃၆ ပေ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း မြိတ်ခရိုင် လမ်းဦးစီးဌာနမှ သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၂-၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၁၅	၃၀၉၅	၃၀၇၀	၃၀၂၅	၃၁၀၀	၃၁၁၀	၃၁၂၅	၃၀၇၅	၄၅၀၅	၃၂၃၅	၃၀၈၅	၃၁၀၀	၃၁၃၅	၃၁၂၅	၃၁၃၅	၃၂၄၀	၃၉၅၀
95 Ron	၃၁၈၀	၃၂၆၅	၃၂၄၀	၃၁၉၀	၃၂၆၅	၃၂၇၅	၃၂၉၀	၃၂၄၅	၄၅၆၀	၃၄၀၀	၃၂၅၀	၃၂၇၀	၃၃၀၀	၃၂၉၀	၃၃၀၀	၃၇၀၅	၄၁၀၀
HSD (500 ppm)	၂၆၅၅	၂၇၃၅	၂၇၁၀	၂၆၆၅	၂၇၄၀	၂၇၅၀	၂၇၆၅	၂၇၂၀	-	၂၈၀၅	၂၇၂၅	၂၇၄၀	၂၇၇၅	၂၇၆၀	၂၇၇၅	၃၁၈၀	၃၉၅၀
HSD (50 ppm)	၃၂၉၀	၃၃၇၀	၃၃၄၅	၃၃၀၀	၃၃၀၅	၃၃၀၅	၃၄၀၀	၃၃၅၀	၄၈၃၀	၃၅၁၀	၃၃၆၀	၃၃၀၅	၃၃၀၀	၃၃၉၅	၃၄၁၀	၃၈၁၅	-
HSD (10 ppm)	၃၂၉၀	၃၃၇၀	၃၃၄၅	၃၃၀၀	၃၃၀၅	၃၃၀၅	၃၄၀၀	၃၃၅၀	-	၃၅၁၀	၃၃၆၀	၃၃၀၅	၃၃၀၀	၃၃၉၅	၃၄၁၀	၃၈၁၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၅၀	၂၉၄၉
95 Ron	၃၀၂၀	၃၁၁၄
HSD (500 ppm)	၂၉၁၀	၂၉၈၉
HSD (50 ppm)	၃၁၂၅	၃၂၀၇
HSD (10 ppm)	၃၁၂၅	၃၂၀၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



တနင်္သာရီမြို့နယ်၌ ဒီဇင်ဘာလ ပထမပတ် လူထုလမ်းလျှောက်ပွဲ ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲ

တနင်္သာရီ ဒီဇင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ဒီဇင်ဘာလ ပထမပတ် လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက မြို့တွင်းလမ်းများအတိုင်း ဆင်နွှဲကြသည်။

ယင်းလူထုလမ်းလျှောက်ပွဲကို တနင်္သာရီမြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမျိုးမင်းသူ၊ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်အတွင်းမှ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၇၀၀ ကျော်က ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တိုင်းဒေသကြီးဝန်ကြီးချုပ် ထူးထက်ဟန် ကုမ္ပဏီအသားတိုးဝက်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး



ပုသိမ် ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စု ဥတိုကျေးရွာရှိ ထူးထက်ဟန် ကုမ္ပဏီ အသားတိုးဝက်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သဘာဝမြေဩဇာဖြင့်စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းနှင့် အသားတိုးဝက်မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ စားသုံးသူများထံသို့ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးနိုင်ရေး ဆောင်ရွက်ရန်၊ တိုးချဲ့မွေးမြူရန်နှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့တိုးချဲ့နိုင်ရေးဆောင်ရွက်ရန်၊ ဧဝလုံခြုံရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ရေးအတွက် နည်းလမ်းများရှာဖွေဆောင်ရွက်ရန်နှင့် စွန့်ပစ်အညစ်အကြေးများ အသုံးပြု၍ သဘာဝမြေဩဇာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ကျုံကြီးကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာရှိ ဦးခင်အောင်၏ ဘဲမွေးမြူရေးခြံသို့သွားရောက်၍ ဘဲမွေးမြူနေမှုအခြေအနေ၊ ဘဲသားပေါက်များ မွေးမြူထားရှိမှု၊ ပျမ်းမျှဥနှုန်း၊ ဘဲဥဖြန့်ဖြူးနေမှုအခြေအနေ၊ အစာကျွေးမွေးမှု၊ အစာဈေးနှုန်းသက်သာအောင် ဆောင်ရွက်နိုင်ရေးနှင့် ဘဲဥများဈေးကွက်အတွင်း တင်ပို့ရောင်းချမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်သို့ပို့မိတင်ပို့ရောင်းချနိုင်ရေးနှင့် အကောင်ရေတိုးချဲ့မွေးမြူနိုင်ရေး၊ ပြည်သူများထံသက်သာသောဈေးနှုန်းများဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒဂုံရွှေပြည်ဈေး၌ မီးဘေးကြုံတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၀)ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ်ရှိ ဒဂုံရွှေပြည်ဈေး(အမှတ်၃၀)ဈေးဌာန မီးဘေးကြုံတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြသခြင်း၊ ဈေးအတွင်း လှည့်လည်စစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်က မီးဘေးအန္တရာယ်အကြောင်းကို ဟောပြောကာ DCP မီးသတ်ဆေးဘူး အသုံးပြုနည်းများကို ရှင်းလင်းပြသပြီး ဆီမီးလောင်မှုအား ဈေးဝန်ထမ်းနှင့် ဈေးသူဈေးသားများက လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် (အပေါ့စား) ရေစုပ်စက်ဖြင့် လက်တွေ့ရေပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ပြသသည်။



ဆက်လက်၍ ခရိုင်ဌာနစုမှူး ဦးသိန်းစိုးက ဈေးအတွင်းလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်း ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့် ဈေးဝန်ထမ်းများက ဈေးအတွင်း လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ



တိုက်ကြီးမြို့နယ်၌ ရှမ်းနှစ်သစ်ကူးပွဲတော်အခမ်းအနား ကျင်းပ

တိုက်ကြီး ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ရှမ်းနှစ် ၂၁၃၉ ခုနှစ် ရှမ်းနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းစုရပ်ကွက် ရှမ်းကျောင်းကြီးဘုန်းတော်ကြီးကျောင်း နီးဘုရားကြီးမမွာရုံ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစိုင်းကျော်ထူးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

မြင့်ဦး



သမဝါယမအသင်းသားများ ဆီနေကြာစိုက်ပျိုးထားမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

တောင်ကြီး ဒီဇင်ဘာ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာ အင်းငယ်စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်း၊ မိုင်အင်ကျေးရွာ အောင်သီဟလယ်ယာစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမတို့ရှိ သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် ဆီနေကြာစိုက်ခင်းများကို ပြည်နယ်သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ကွင်းဆင်းကြည့်ရှုပြီး နေကြာအထွက်တိုးစေရေးမြေဩဇာ၊ ပိုးသတ်ဆေးသုံးစွဲမှုနည်းစနစ်မှန်ကန်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်ပြီး ညောင်ရွှေမြို့နယ် ရောင်နီဦးလယ်ယာနှင့်အထွေထွေသမဝါယမအသင်းနှင့် နေကြာပန်းလယ်ယာနှင့်အထွေထွေသမဝါယမအသင်းသားပိုင် လယ်ယာမြေများတွင် အိန္ဒိယမျိုး Suryakiran စိုက်ပျိုးနေမှု၊ တောင်ကြီးမြို့ လူရိုးတောင်ကျေးရွာ မြတ်ချမ်းသာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းတို့ရှိ ဆီနေကြာစိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှု၍ နေကြာသီးနှံအထွက်တိုးစေရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သထုံမြို့နယ်၌ နဝမအကြိမ်မြောက် ပအိုဝ်းနှစ်သစ်ကူးနေ့အခမ်းအနား ကျင်းပ



သထုံ ဒီဇင်ဘာ ၁

ပအိုဝ်းသက္ကရာဇ် ၂၇၁၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့၌ ကျရောက်သည့် နဝမအကြိမ်မြောက် ပအိုဝ်းနှစ်သစ်ကူးပွဲတော် အခမ်းအနားကို မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသားဗိမာန်တော်၌ ပြည်နယ်ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့နာယက ဘီးလင်းမြို့နယ် ခဲမောက်စက်ဘူကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒဝံသထံမှ တက်ရောက်လာသူများက နှစ်သစ်ကူးသြဝါဒစကားနာကြားပြီး ပအိုဝ်းသမိုင်းသုတေသီ ဦးခွန်ထွန်းရှိန်က ပအိုဝ်းအမျိုးသားတို့၏ နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀ ကိုပေးအပ်ရာ ပြည်နယ်ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးဆောင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကျေးရွာအသီးသီးမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့တို့က ယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေကြရာ တက်ရောက်လာသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❍ ကျောဖုံးမှ

"ဆောင်းရာသီအစမှာ ရေချို/ရေငန်နှစ်မျိုးလုံးဝင်ရောက်နေပါတယ်။ ပြည်တွင်းမှာ မွေးမြူတဲ့ ရေချိုငါးဆိုဒ်အသေးတွေကို ပြည်တွင်းဈေးကွက်ပို့ပြီး ရောင်းတမ်းဝင်ဆိုဒ်ကြီးတွေကို ပြည်ပပို့ကြတာဖြစ်ပါတယ်။ ငါးမွေးတောင်သူတွေအနေနဲ့ ပြောင်းလဲလာတဲ့ ဈေးကွက်နဲ့ အထွေထွေကုန်ကျစရိတ် မြင့်မားလာတာတွေကြောင့် မလိုက်နိုင်ကြတာတွေလည်း ရှိလာတယ်။ ဒါပေမဲ့ ပြည်တွင်းစားသုံးမှုဖုံလုံမှုနဲ့ ပြည်ပပို့ကုန်အတွက် တတ်နိုင်သမျှ မွေးမြူထုတ်လုပ်နေကြပါတယ် "ဟု ရွှေပိတောက်ငါးဈေးသာယာရေး ကော်မတီဥက္ကဋ္ဌက ပြောသည်။

ထို့ပြင် ရွှေပိတောက်ငါးဈေးကြီးသို့ပင်လယ်ပြင်မှရရှိသည့် ပလာတူး၊ ပလာတူးမျက်ကျယ်၊ ရွှေငါး၊ ဝီတာ၊ ကကတစ်၊ ငါးခုံးမ၊ ငါးစဉ်းလုံး၊ ငါးမြွေထိုး၊ ငါးပါးနီ၊ ငါးလိပ်ကျောက်၊ ငါးလိပ်စွန်၊ ဆမားလိပ်ကျောက်၊ ကင်းမွန်၊ ပြည်ကြီးငါး၊ တိုက်ဂါးပုစွန်၊ ဖလားဝါးပုစွန် အပါအဝင် ရေငန်ထွက်ကုန်အမျိုးအစား ၂၀ ကျော် ကုန်ပိသာချိန် တစ်သိန်းကျော် ဝင်ရောက်မှုရှိကြောင်း သိရသည်။

"ရွှေပိတောက်ငါးဈေးကို ပင်လယ်ပြင်ကငါး/ပုစွန်တွေ ဝင်နေပါတယ်။ အရောင်းအဝယ်ကတော့ပုံမှန်ပါပဲ။ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပပို့ကုန်အနေနဲ့ ငါးတံခွန်အကြီး၊ ငါးမုန့်အဖြူ/အမည်း၊ ငါးသင်ဝါ၊ ငါးပါးနီ၊ ငါးခုံးမ၊ ငါးရွှေ၊ တိုက်ဂါးပုစွန်၊ ဖလားဝါးပုစွန်နဲ့ ရွှေပုစွန် ရေထွက်ကုန်တို့ကို အများဆုံးတင်ပို့ပါတယ်။ ပင်လယ်ရေထွက်ကုန်တွေကို တရုတ်၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားနဲ့ ထိုင်းကို တင်ပို့ပြီး စင်ကာပူကို အနည်းငယ်ပို့တာရှိတယ်။ အများအားဖြင့် တရုတ်ကိုယ်စားလှယ်တွေက ရေငန်ထွက်ကုန်ကို အအေးခန်းမှာသိုလှောင်ပြီး အများဆုံး ဝယ်ယူတင်ပို့တာရှိပါတယ်" ဟု ရေထွက်ကုန် လုပ်ငန်းရှင် ဒေါ်တင်နွဲ့က ပြောသည်။

သစ္စာ(MNA)

ဓာတ်ပုံ - ဇွဲမာန်

တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် မြိတ်ခရိုင်အတွင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ

မြိတ် ဒီဇင်ဘာ ၁

တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းသန်းသည် မြိတ်ခရိုင်အတွင်းရှိ မြိတ်ခရိုင်ဥပဒေရုံး၊ မြိတ်မြို့နယ်ဥပဒေရုံး၊ ကျွန်းစုမြို့နယ်ဥပဒေရုံးတို့မှ အရာထမ်း၊ အမှုထမ်းများအား ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် မြိတ်ခရိုင် ဥပဒေအရာရှိ ဦးအေးမင်းက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး မြို့နယ်ဥပဒေအရာရှိများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြရာ တိုင်းဒေသကြီး ဥပဒေချုပ်က လုပ်ငန်းလမ်းညွှန်မှာကြား၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ်က မြိတ်ခရိုင် ဥပဒေရုံးဝင်းအတွင်း ဆောင်ရွက်လျက်ရှိသော မြေထိန်းနံရံ ပြုလုပ်ခြင်း၊ ကွန်ကရစ်ခင်းခြင်းနှင့် အုတ်တံတိုင်းခြံစည်းရိုး ပြုလုပ်ခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး ဆောင်ရွက်

ညောင်ဦး ဒီဇင်ဘာ ၁

ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် ပလတ်စတစ် ကောက်ယူရှင်းလင်းလျက်ရှိရာ Bagan Plastic Campaign အဖွဲ့က ပလတ်စတစ်အမှိုက်များ သီးသန့်ကောက်ယူခြင်းကို ယမန်နေ့ နံနက်ပိုင်းက ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီး တောင်ဘက်စောင်းတန်းမှ စတင်၍ လမ်းဘေးဝဲယာတစ်လျှောက် ပလတ်စတစ်အမှိုက်များ၊ ဖောဘူးခွံများ ကောက်ယူခဲ့ကြောင်း သိရသည်။



မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ် ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ် အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား အသင်းသူများ၊ စားသောက်ဆိုင် လုပ်ငန်းရှင်များ အသင်းမှအသင်းသား အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်း(ပုဂံဇုန်)မှ ဝန်ထမ်းများက ညောင်ဦးမြို့နယ် ရွှေစည်းခုံဘုရားကြီး တောင်ဘက်စောင်းတန်းမှစတင်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ တောင်ဘီရွာထိပ်အထိ နှစ်ဖွဲ့ခွဲကာ လမ်းဘေးဝဲယာတစ်လျှောက်နှင့် ရေကျော်များအောက် လျှိုမြောင်များအတွင်းမှ ပလတ်စတစ်အမှိုက်များ၊ ဖောဘူးခွံများ ကောက်ယူရှင်းလင်းခဲ့ကြောင်း သိရသည်။

ဒီပါလင်း

ကန်ကြီးထောင့်မြို့နယ်၌ ဒီဇင်ဘာအားကစားလ (ပထမပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

ကန်ကြီးထောင့် ဒီဇင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ဒီဇင်ဘာအားကစားလ(ပထမပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲခန့်က ကျင်းပသည်။



အဆိုပါစုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော်ခန့် ပါဝင်ဆင်နွှဲကြသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် စုပေါင်းလမ်းလျှောက်ပွဲစုရုပ်ဖြစ်သည့် ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးရှေ့မှစတင်၍ မြို့လယ်လမ်းအတိုင်း မြို့မဘောလုံးကွင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်၍ ကိုယ်လက်လှုပ်ရှား ကာယလေ့ကျင့်ခန်းများ၊ Fitness Dance များကို ပျော်ရွှင်စွာ စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး (ပြန်/ဆက်)

သာစည်မြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်တိရစ္ဆာန်များ ထောက်ပံ့ပေးအပ်

သာစည် ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တိရစ္ဆာန်(နွား၊ ဆိတ်၊ ဝက်)များ ပြန်လည်ထောက်ပံ့ပေးအပ်ခြင်းကို နိုဝင်ဘာ ၂၅ ရက်က စတင်၍ ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လျက်ရှိရာ ယမန်နေ့က သီးကုန်းကျေးရွာ၊ ထူးတွင်းကျေးရွာနှင့် အုတ်တွင်းကျေးရွာတို့၌ ဆက်လက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာအုပ်စုရုစ်အုပ်စုရှိ ကျေးရွာ ၁၄ ရွာမှ ပိုင်ရှင် ၁၅၇ ဦး၏ နွား ၄၄၆ ကောင်၊ ပိုင်ရှင် ၃၉ ဦး၏ သိုး/ဆိတ် ၁၄၀၆ ကောင်နှင့် ပိုင်ရှင် ၃၃ ဦး၏ ဝက် ၅၁ ကောင်တို့ ပျက်စီးဆုံးရှုံးခဲ့သည်။ အဆိုပါ ပျက်စီးဆုံးရှုံးခဲ့မှုများကို ပြည်သူများလက်ဝယ်အရောက် ပြန်လည်ထောက်ပံ့ပေးအပ်လျက်ရှိရာ နိုဝင်ဘာ ၃၀ ရက်အထိ ကျေးရွာခုနစ်ရွာမှ ပိုင်ရှင် ၃၃ ဦး၏ဝက် ၅၁ ကောင်နှင့် ပိုင်ရှင် ၃၀ တို့၏ ဆိတ် ၁၁၁၈ ကောင်၊ ကျေးရွာသုံးရွာမှပိုင်ရှင် ၂၉ ဦး၏ နွား ၄၈ ကောင်တို့ကို ထောက်ပံ့ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ကျေးရွာများမှ ပျက်စီးမှုများအား အမြန်ဆုံးပြန်လည်ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (ပထမ) ၁၀ ရက်ပတ် အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၁

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၃၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၁ ဒီဂရီဖာရင်ဟိုက်မှ ၆၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅၈ ရာခိုင်နှုန်းမှ ၆၉ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၈၂ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

မိုး/ဇလ

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့ မွန်းလွဲ ၂ နာရီ ၂၇ မိနစ် ၄၄ စက္ကန့်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကြံခင်းမြို့၏ အနောက်-အနောက်မြောက်ဘက် လေးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၈ ဒသမ ၃၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၉ ဒီဂရီ၊ အနက် ၅၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်) တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဂုဏ်ပြုဆောင်းပါး

မသန်စွမ်းသူဝိုင်းလို့ကူ

စိန်ဌေးလှိုင်(ဟိုပုံးမြေ)



မသန်သော်လည်း စွမ်းရမည်ဆိုသော ဆောင်ပုဒ်ကို တော်တော်များများ သိရှိကြသည်။ ကျန်းမာသန်စွမ်းမှုမရှိသော လူတစ်ဦးသည် လုပ်ဆောင်နိုင်မှု စွမ်းရည်ရှိရမည်ဟုဆိုလိုခြင်း ဖြစ်သည်။ မသန်စွမ်းသူများ၏ လုပ်ရည်ကိုင်ရည်များ တိုးတက်မြင့်မားလာစေရန် ၎င်းတို့၏ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးရပိုင်ခွင့်များ အပြည့်အဝရရှိရေး ဆောင်ရွက်ပေးရန်မှာ လူသားတိုင်း၏တာဝန်ဖြစ်သည်။

"မသန်စွမ်းသူ"ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိနေသူကို ခေါ်ဆိုသည်။ ကုလသမဂ္ဂမှ မသန်စွမ်းသူများ၏ အခွင့်အရေးသဘောတူစာချုပ်တွင် "မသန်စွမ်းသူဆိုသည်မှာ ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ အပြည့်အဝ ထိရောက်စွာ ပါဝင်ဆောင်ရွက်မှုမပြုနိုင်သော ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ရေရှည်ချို့ယွင်းချက်ရှိသူများ"ဟု အတိအလင်းဖော်ပြထားသည်။ ဥပမာ အနေဖြင့် စစ်ပွဲများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများလည်း ပါဝင်သည်။ အဆိုပါ ချို့ယွင်းချက်များသည် လူသားများ မွေးကင်းစအရွယ် သို့မဟုတ် လူတစ်ဦး၏နေထိုင်ရှင်သန်ရာ တစ်သက်တာကာလ အဝ ပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်များ တိုးမြှင့်ရန် ပထမဦးဆုံး "မသန်စွမ်းရပိုင်ခွင့်နည်းဗျူဟာ"ကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ချမှတ်ခဲ့သည်။ ဆက်လက်၍ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင်ကျင်းပသည့် (၄၇)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက် အပိုဒ် (၄၇/၃)အရ အဆိုပါဗျူဟာချမှတ်ခဲ့သော ဒီဇင်ဘာလ ၃ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့(International Day of Persons with Disabilities)"အဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။

"မသန်စွမ်းသူတို့မှာ အခြားသူများ၏ အထင်အမြင်သေးခံရပြီး နှိမ့်ချဆက်ဆံမှုနှင့်လည်း ကြုံတွေ့ရတတ်ပြီး လူသားဆိုင်ရာအခွင့်အရေး လျော့ပါးတတ်၏။ သာမန်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးများ ပြုလုပ်မပေးနိုင်လျှင် သို့မဟုတ် စောင့်ရှောက်မှုလျော့နည်းမည်ဆိုလျှင် မသန်စွမ်းသူများ၏ ဘဝအခြေအနေများသည် ပိုမိုး၍နိမ့်ကျပါမည်။ မသန်စွမ်းသူများမှာ လူ့အဖွဲ့အစည်းအတွင်း အရေးပါအရာရောက်စေရပါမည်။ ထို့ကြောင့် မသန်စွမ်းသူများတွင် တွေ့ကြုံနေရသော အခက်အခဲများ၊ တန်းတူညီမျှရပိုင်ခွင့်များ၊ ပူးပေါင်းလုပ်ဆောင်နိုင်မှုများကို ကမ္ဘာ့လူသားများက ထိရောက်စွာ ဖြေရှင်းပေးရမည်"

ထို့ကြောင့် မသန်စွမ်းသူများကို ဖေးမလက်တွဲကာ ခေါင်းဆောင်မှုတာဝန် ပေးအပ်ရမည်ဖြစ်ပေသည်။

မသန်စွမ်းသူများ၏အရေး ကြိုးပမ်းအကောင်အထည်ဖော်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်သည့် မသန်စွမ်းမှုဆိုင်ရာ အစီရင်ခံစာတွင် ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ကျော်မှာ မသန်စွမ်းမှုတစ်မျိုးမျိုး ခံစားနေရကြောင်း လေ့လာသိရှိရသည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများသည် ၎င်းပမာဏကို သိမြင်လာကြရာ မသန်စွမ်းသူအရေးကို သတိပြုမိလာပြီး မသန်စွမ်းသူများ၏အရေးကို ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိကြသည်။ အစိုးရအဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် ကျန်းမာရေးအတတ်ပညာရှင်များသည် မသန်စွမ်းသူများ၏ အတွေ့အကြုံများကိုလေ့လာကာ လူမှုစီးပွားတည်ဆောက်ရေးတို့ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုကြောင့် မသန်စွမ်းသူများ၏ အခက်အခဲများမှာ လျော့ကျလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် ၁၉၉၄ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။ အရှေ့တောင်အာရှတွင် အခမ်းနားဆုံးဖြစ်သော မသန်စွမ်းသူများညီလာခံကို ၂၀၁၄ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့ရာ မသန်စွမ်းကိုယ်စားလှယ် ၅၅၀ တက်ရောက်ခဲ့ရာ ယနေ့တိုင်ဆက်လက်ကျင်းပမြဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏အရေးကို ခေတ်အဆက်ဆက်မှ ယနေ့တိုင်ဆောင်ရွက်နေဆဲဖြစ်သည်။ "မသန်မစွမ်း" ဆိုသော အသုံးအနှုန်းသည် သန်မာမှုမရှိ၊ စွမ်းဆောင်နိုင်မှုလည်းမရှိဟု အဓိပ္ပာယ်သက်ရောက်နေ၏။ ထို့ကြောင့် "မသန်မစွမ်း" အစား"မသန်စွမ်း"ဆိုသည့် စကားကို ပြောင်းလဲခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ လူမှုဝန်ထမ်းဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့မှစတင်ပြီး "မသန်စွမ်း"ဟု တရားဝင်သတ်မှတ်ခဲ့သည်။ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသို့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဝင်ရောက်ခဲ့သည်။ "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"ကို ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ထို့ဥပဒေတွင် "မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန်၊ ကုလသမဂ္ဂ၏ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူအားလုံး က တန်းတူညီမျှ အပြည့်အဝရရှိစေရန်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာ စသည့်နယ်ပယ်အသီးသီးတွင် အခြားသူများနှင့်တန်းတူ ပေါင်းစည်းပါဝင်နိုင်ရန်" ဆိုသည့် ရည်ရွယ်ချက် (၉)ရပ်ကို ချမှတ်ထားသည်။

ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ၂၀၁၆-၂၀၂၅ ကိုရေးဆွဲကာ ပြန်လည်ထူထောင်ရေး၊ မသန်စွမ်းအဆင့်သတ်မှတ်ရေး၊ မှတ်ပုံတင်ရေးနှင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရေးများဆောင်ရွက်လျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရန်ကုန်မြို့နှင့် စစ်ကိုင်းမြို့တို့တွင် မျက်မမြင်သင်တန်းကျောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် နားမကြားကလေးများသင်တန်းကျောင်း၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တွင် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ ရန်ကုန်မြို့တွင် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာတို့ ဖွင့်လှစ်ထားသည်။ ထို့ပြင် မျက်မမြင်အကြောပြင်အနှိပ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ သတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရေးစီမံကိန်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်လေးခု၌ ဆောင်ရွက်ခဲ့သည်။

အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲများ

မြန်မာ့အားကစားတွင် မသန်စွမ်းသူများအနက်မှ စွမ်းရည်ရှိသူများ ပေါ်ထွန်းလာစေရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကို ဖွဲ့စည်းထားသည်။ ၎င်းအဖွဲ့ချုပ်သည် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီလက်အောက်တွင်ရှိပြီး ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်၏အားကစားဝန်ကြီးဌာနအောက်၌ ထားရှိသည်။ ထို့ပြင် မြန်မာနိုင်ငံသည် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်ပြီး အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်တွင် မသန်စွမ်းသူများအားကစားစခန်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် မသန်စွမ်းမှုဆိုသည်မှာ မွေးရာပါကြောင့်လည်းကောင်း၊ နေထိုင်မှုပတ်ဝန်းကျင်ကြောင့်လည်းကောင်း၊ ရောဂါဘယကြောင့် လည်းကောင်းဖြစ်ပေါ်ရသည်။ ဘဝကံအကျိုးပေးအရ မသန်စွမ်းဖြစ်ကြရကာ လူ့အသိုင်းအဝိုင်း၏လျစ်လျူရှုမှုကို ခံရတတ်သည်။ ကမ္ဘာပေါ်ရှိ မသန်စွမ်းသူများမှာ လောကအကျိုး၊ နိုင်ငံအကျိုးကို ဆက်လက်ဆောင်ရွက်နိုင်သူများဖြစ်ရာ ကမ္ဘာ့လူသားတို့က "မသန်စွမ်းသူ ဝိုင်းလို့ကူ" ရမှာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ကိုးကား။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှထုတ်ဝေသော မသန်စွမ်းမှုဆိုင်ရာဝေါဟာရအသုံးအနှုန်းများ လက်စွဲအညွှန်းစာအုပ်။

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိ်ာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ်ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနလ်ာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

မြန်မာစာ — ပါမောက္ခ ဒေါက်တာဇော်

၁၈ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဒွါဒသမတန်း မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး (၇)ပုဒ် ပါဝင်မည်ဖြစ်ပါသည်။

မေးခွန်းနံပါတ် (၁) သည် အပြောသင်ခန်းစာ၊ အဖတ်အရွတ် သင်ခန်းစာမှ စကားပြေနှင့် ကဗျာ၊ အရေး သင်ခန်းစာဆိုင်ရာ ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်သည်။ ပုဒ်ခွဲ (၃) ခု ခွဲ၍မေးပါမည်။ **၁ (က) သည် မှား/မှန်ဖြေ၊ ၁ (ခ) သည်ကွက်လပ်ဖြည့်၊ ၁ (ဂ) သည် အဖြေမှန် ရွေးဖြစ်သည်။** ပုဒ်ခွဲတစ်ခုလျှင် မေးခွန်း (၁၀) ခုပါရှိသည်။ ပုဒ်ခွဲ (၃) ခုအတွက် စုစုပေါင်း အမှတ် ၃၀ ပေးထားသည်။

အပြောအဆိုဆိုင်ရာ နည်းလမ်းများ သင်ခန်းစာတို့မှ လေ့ကျင့်ရန် မေးခွန်းများနှင့် အဖြေများကို ပြည့်ပြည့်စုံစုံ ဖော်ပြပေးသွားမည် ဖြစ်သည်။

အခန်း(၂)
အပြောအဆိုဆိုင်ရာနည်းလမ်းများ
ထိထိရောက်ရောက်စကားပြောဆိုခြင်း

၁။ (က) အောက်ပါတို့ကို မှားလျှင် "မှား" မှန်လျှင် "မှန်" ဟု ဖြေဆိုပါ။

၁။ စကားပြောလျှင် ဝါကျတိုများသည် နားလည်ရပိုမိုလွယ်ကူစေပါသည်။

၂။ စကားကို ထိထိရောက်ရောက် ပြောဆိုနိုင်ရန်အတွက် ကိုယ်ဟန်အမူအရာနှင့် အသံအနိမ့်အမြင့်တို့က မိမိ၏ဆိုလိုရင်းကို အနည်းငယ်ပြုပြင်ပေးပါလိမ့်မည်။

၃။ စကားပြောဆိုသည့်နှုန်း အနှေးအမြန်သည်လည်း နားလည်မှုကို အကျိုးသက်ရောက်စေပါသည်။

၄။ စကားကို ထိထိရောက်ရောက်ပြောဆိုနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အချက် သုံးချက်ရှိသည်။

၅။ ပရိသတ်အများကို ပြောဆိုနေပါက သင်သည် လေသံကို သတိပြုရပါလိမ့်မည်။

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

၁။ စကားကို ထိထိရောက်ရောက်ပြောဆိုနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အချက် သုံးချက်မှာ .....၊ အသံအနိမ့်အမြင့်နှင့် ကိုယ်ဟန်အမူအရာတို့ဖြစ်ကြသည်။

၂။ စကားလုံးရိုးရိုးဖြင့်ပြောဆိုခြင်းသည် .....သောစကားလုံးများထက် ပိုမိုနားလည်စေနိုင်ပါလိမ့်မည်။

၃။ စကားကို ..... သည် နားထောင်သူကို ရွှင်ထွေးစေနိုင်သကဲ့သို့ စကားကို နှေးကွေးစွာ ပြောဆိုခြင်းသည်လည်း နားထောင်သူကို ငြီးငွေ့စေနိုင်ပါသည်။

၄။ နားထောင်သူ နားလည်နိုင်စွမ်းရှိသည့် .....သည်သာ သင်၏ပရိသတ်ကို သင်ဆွဲဆောင် ထိန်းသိမ်းထားနိုင်ပါလိမ့်မည်။

၅။ စကားပြောဆိုတော့မည်ဆိုလျှင် ပထမဆုံးပြုရမည့် အလုပ်မှာ ..... ကို သတ်မှတ်ချိန်ကိုက်ထားရန်ဖြစ်သည်။

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကို ရွေးပါ။

၁။ စကားကို ထိထိရောက်ရောက်ပြောဆိုနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အချက် ..... ချက်ရသည်။

(က) ၃၊ (ခ) ၇ (ဂ) ၂

၂။ အဆိုတော်များသည် အသံကျယ်လိုလျှင် လည်မျိုကို အသုံးမပြုဘဲ ..... ကိုသာအသုံးပြုလေ့ရှိပါသည်။

(က) ရင်ဝမ်းခြားကြွက်သားအင်အား

(ခ) အသံကြိုး (ဂ) ပါးစပ်

၃။ ..... သည် စကားသံထုတ်လုပ်ရန်နှင့် အသံကျယ်စေရန် အထောက်အကူပြုပါသည်။

(က) ရင်ဝမ်းခြားကြွက်သားအင်အား

(ခ) အသံကြိုး (ဂ) ပါးစပ်

၄။ ထိထိရောက်ရောက်စကားပြောဆိုခြင်းအတွက် အဓိကလိုအပ်ချက် ..... ခုနစ်ချက်ရှိသည်။

(က) ၇ (ခ) ၃ (ဂ) ၂

၅။ ထိထိရောက်ရောက်စကားပြောဆိုနည်း၏တစ်စိတ်တစ်ပိုင်းမှာ ..... ကို ကန့်သတ်ထိန်းသိမ်းပြောဆိုရန်ဖြစ်သည်။

(က) လေသံ (ခ) စကားပြောနှုန်း (ဂ) ကိုယ်ဟန်အမူအရာ

အဖြေများ

၁။ (က) "မှား" သို့မဟုတ် "မှန်" ။

၁။ မှန် ၂။ မှန် ၃။ မှန် ၄။ မှန် ၅။ မှန်

(ခ) အဖြေမှန် ရွေးချယ်မှု

၁။ စကားလုံးအသုံးအနှုန်း ၂။ တင်စား

၃။ အမြန်ပြောဆိုခြင်း ၄။အလယ်အလတ်နှုန်း

၅။ စကားပြောသည့်နှုန်း

(ဂ) ကွက်လပ်ဖြည့်စွက်မှု

၁။ (က) ၃ ၂။ (က) ရင်ဝမ်းခြားကြွက်သားအင်အား

၃။ (ဂ) ပါးစပ် ၄။ (က) ၇ ၅။ (က) လေသံ

စကားပြောကောင်းဖြစ်ရန် နည်းတို

၁။ (က) အောက်ပါတို့ကို မှားလျှင် "မှား" မှန်လျှင် "မှန်" ဟု ဖြေဆိုပါ။

၁။ လူတစ်ဦးပြောသောစကားများကို စိတ်ပါလက်ပါနားထောင်ခြင်းသည် ထိုလူအား အကောင်းဆုံးချီးကျူးခြင်းတစ်ရပ်ပင်ဖြစ်လေသည်။

၂။ ကောင်းကောင်းနားထောင်မည့် လူတစ်ယောက်ကိုရှာ၍ ပြောချင်သည့်စကားများကို ပြောလိုက်ရခြင်းဖြင့် မိမိ၏စိတ္တဇဝေဒနာများကို (ပင်) ပျောက်ကင်းအောင်လုပ်နိုင်ပါသည်။

၃။ တစ်ဖက်သားစကားပြောနေစဉ် ဂရုစိုက်၍ နားထောင်ခြင်းနှင့်တစ်ဖက်သားတို့အား သူတို့၏ အကြောင်းပြောပြရန် အား ပေးခြင်းတို့သည် လူကြိုက်များစေသည့် နည်းတစ်ခုပင်ဖြစ်သည်။

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

၁။ .....တို့လည်း သူတို့ပြောချင်သည့်စကားကိုကောင်းကောင်းနားထောင်မည့်လူများကို အလိုရှိကြလေသည်။

၂။ သင့်ကို လူကြိုက်များစေလိုလျှင် ..... စကားပြောနေစဉ် ဂရုစိုက်၍ နားထောင်ပါ။

၃။ သင့်ကို လူကြိုက်များစေလိုလျှင် တစ်ဖက်သားတို့အား သူတို့၏ ..... ပြောပြရန် အားပေးပါ။

၁။ (ဂ) အောက်ပါတို့မှ အဖြေအမှန်ကို ရွေးပါ။

၁။ လူတစ်ဦးပြောသော စကားများကို ..... သည် ထိုလူအား အကောင်းဆုံးချီးကျူးခြင်း တစ်ရပ်ပင် ဖြစ်လေသည်။

(က) စိတ်ပါလက်ပါနားထောင်ခြင်း၊

(ခ) ဂရုစိုက်၍နားထောင်ခြင်း၊ (ဂ) အားပေးခြင်း

၂။ သင့်ကို လူကြိုက်များစေလိုလျှင် တစ်ဖက်သား စကားပြောနေစဉ် ဂရုစိုက်၍ ..... (က) နားထောင်ပေးပါ။

(ခ) စိတ်ပါလက်ပါနားထောင်ပါ (ဂ) အားပေးပါ။

အဖြေများ

၁။ (က) ၁။ မှန် ၂။ မှန် ၃။ မှန်

(ခ) ၁။ လူသာမန် ၂။ တစ်ဖက်သား ၃။ အကြောင်း

(ဂ) ၁။ (က) စိတ်ပါလက်ပါနားထောင်ခြင်း၊

၂။ (က) နားထောင်ပေးပါ။

ရူပဗေဒ — ပါမောက္ခဒေါက်တာထွဋ် (ရန်ကုန်တက္ကသိုလ်)

၂၅ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 ရူပဗေဒဘာသာရပ် ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများသည် Section (A) နှင့် Section (B) ဟူ၍ အပိုင်း(၂)ပိုင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရမည်။

Section(A) Answer All Questions မှာ အမှတ်(၄၀) ဖိုး ပေးထား ပြီး (၄၀) မှတ်ဖိုး ဖြေဆိုရမှာဖြစ်သည့်အတွက် Chapter အားလုံး (Chapter 1 to Chapter 13) ထိ ကြည့်မှတ်ရန်လိုပါသည်။

CHAPTER (9)
Capacitor and Capacitance

I. Are the following statements TRUE (or) FALSE?

(1) An insulator is inserted between two conductors of a capacitor.

(2) The capacitor is a rechargeable battery.

(3) Capacitance is scalar quantity.

(4) Capacitors are used in radios and televisions.

(5) The unit farad is the same as coulomb per volt ($C\ V^{-1}$).

(6) The potential difference between two conductors of the capacitor is called the potential difference of the capacitor.

(7) In series, the value of equivalent capacitance is smaller than that of individual capacitances.

(8) In parallel, the value of equivalent capacitance is greater than that of individual capacitances.

(9) Film capacitors are the ones that use plastic film as the dielectric medium.

(10) Ceramic capacitors are the ones that use ceramic as the dielectric medium.

II. Fill in the blanks.

(1) A capacitor consists of two ..... separated by a small distance.

(2) The capacitor is also called a .....

(3) The capacitance of capacitor is ratio of the ..... to the potential difference of the capacitor.

(4) When the ..... on the capacitor is increased, the potential difference also increases proportionally.

(5) The greatest capacitance can be obtained by connecting several capacitors in .....

(6) The potential difference each capacitor is the same in ..... combination of the capacitors.

III. Choose the correct answer from the following.

(1) A capacitor is ..... device that stores electrical energy.

(A. an electrical, B. a mechanical, C. a chemical)

(2) ..... capacitors are used for filtering and smoothing rectified alternating voltage.

(A. Electrolytic B. Ceramic C. Variable)

(3) The plates of a parallel-plate capacitor of capacitance C are brought together to a third of their original separation, the capacitance is .....

(A. $^1/_3$ C B. 3 C C. 9 C)

(4) The SI unit of capacitance is .....

(A. ampere, B. volt, C. farad)

(5) A capacitor is an electrical device that stores electrical energy in the form of an ..... field.

(A. electromagnetic, B. electric, C. magnetic)

Answer Keys

I. (1) True (2) True (3) True (4) True (5) True (6) True (7) True (8) True (9) True (10) True

II. (1) conductors (2) condenser (3) charge (4) charge (5) parallel (6) parallel

III. (1) A (2) A (3) B (4) C (5) B

အင်္ဂလိပ်စာ — ဆရာ ဦးဆန်း

၂၅ - ၁၁ - ၂၀၂၄ ရက်နေ့မှအဆက်-

အခြေခံပညာ အင်္ဂလိပ်စာဘာသာရပ်ကို ဖော်ပြရာတွင် စာမေးပွဲကြီး နီးလာပြီဖြစ်သည့်အတွက် "လွယ်ကူလေ့လာ အင်္ဂလိပ်စာ" Grade-4 မှ Grade-12 အထိ တန်းစဉ် လေ့ကျင့်ခန်း များအား စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ဖော်ပြပေးမည်ဖြစ်ပါသည်။

Grade-4 Unit -8

I. Complete the sentences with the appropriate words. The first letters are given. (10 marks)

1. My family and I usually go to the shopping c..... on Sundays.
2. The shopping centre has a big p.....
3. My brother and I like to p..... there.
4. We like to go to the food c.....
5. There are many r..... in the food court.
6. We can have food from different c.....
7. Shan noodles is my favourite f.....
8. My brother likes p..... a lot.
9. My father likes Indian f..... very much.
10. Puri is his f.....
11. My mother likes s.....
12. After having our favourite foods, we have chocolate c.....
13. My father likes to eat l..... food.
14. My brother and I l..... to play there.
15. We enjoy eating i.....

Answer Keys

I. 1. centre 2. playground 3. play 4. court 5. restaurants 6. countries 7. food 8. pizza 9. food 10. favourite 11. sushi 12. cake 13. Indian 14. love 15. ice cream

Grade-5 Unit -8

Section (A) Writing

I. Listen carefully to the teacher and match the phrases from Column A and Column B to make sentence. (5 marks)

Column A	Column B
1. I want to go to Pyin Oo Lwin	(a) because I want to play football on the sandy beach.
2. I want to go to the zoo	(b) to the Mount Popa?
3. I want to go to Ngapali Beach	(c) the pagoda?
4. How can I get	(d) because I want to take photographs in the botanical garden.
5. Where is	(e) because I love animals.

Section (C) Reading

I. Supply the correct form of the verb given the brackets. (5 marks)

1. (work) My mother ..... at a restaurant now.
2. (go) Nandar usually ..... to school by bicycle.
3. (meet) I am not free this evening. I am ..... the doctor.
4. (not sound) She ..... surprised when I told her the news.
5. (not eat) I ..... meat and my husband doesn't either.
6. (watch) She stood and ..... them walk off down the road.
7. (feed) It's a good idea to visit the zoo when they're ..... the animals.
8. (choose) He ..... his words carefully as he spoke.
9. (let) I ..... you go if you have finished your homework.

Answer Keys

I. A. 1. (d) 2. (c) 3. (a) 4. (b) 5. (c)

B. 1. is working 2. goes 3. meeting 4. didn't sound 5. don't eat 6. watched 7. feeding 8. chose 9. will let

Grade-6 Unit -8

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. M..... is located in Tanintharyi Region.
2. Myeik is in the s..... part of Myanmar.
3. It attracts visitors because of its p..... farming industry.
4. Bird's n..... are one of the main products of Myeik.
5. Myeik is famous for over 800 beautiful i.....
6. The M..... people live in boats and move from island to island.
7. Fishing is their chief l.....
8. The g ..... environment makes Myeik more interesting.
9. Visitors can enjoy h....., fishing, and snorkeling.
10. Myeik is h..... the whole year round.
11. The temperature ranges from 21°C to 33°C. It is a t..... region.
12. The rainy season is usually c.....
13. December, January, and F..... are good months to visit.
14. You can travel to Myeik by p....., bus, or ship.
15. Myeik is famous for the S..... people, also called the Salone.
16. A variety of a..... such as monkeys live on the islands.
17. Visitors enjoy snorkeling in the c..... waters.
18. Bring a good c..... to photograph the sights.
19. Myeik receives a lot of r..... during the rainy season.
20. The m..... provide great places for rowing.

Answer Keys

I. 1. Myeik 2. southern 3. pearl 4. nests 5. islands 6. Moken 7. livelihood 8. green 9. hiking 10. hot 11. tropical 12. cloudy 13. February 14. plane 15. Sea 16. animals 17. clear 18. camera 19. rain 20. mangroves

Grade-7 Unit -8

I. Fill in the blanks with the correct verb form. (10 marks)

1. They ..... (stand) at the top of the world.
2. Hillary ..... (fall) into a crevasse.
3. Tensing ..... (drive) his axe into the ice.
4. Norgay ..... (pull) Hillary up inch by inch.
5. Hillary ..... (tell) others about Norgay's bravery.
6. The climbers ..... (plant) their flag on the summit.
7. Norgay ..... (hold) the rope tightly.
8. The climbers ..... (descend) to their camp safely.
9. They ..... (reach) the summit on 29 May 1953.
10. Hillary ..... (be) proud of their achievement.
11. Norgay ..... (save) his friend without hesitation.
12. They ..... (continue) their descent after the rescue.
13. Hillary ..... (dangle) from the rope in the crevasse.
14. Norgay ..... (act) quickly to save Hillary.
15. The climbers ..... (face) several challenges on the way.
16. Tensing ..... (smile) modestly after the incident.
17. Hillary ..... (slip) unexpectedly.
18. Norgay ..... (not expect) thanks for his help.
19. The climbers ..... (help) each other as true friends.
20. They ..... (achieve) a historic milestone.

Answer Keys

I. 1. stood 2. fell 3. drove 4. pulled 5. told 6. planted 7. held 8. descended 9. reached 10. was 11. saved 12. continued 13. dangled 14. acted 15. faced 16. smiled 17. slipped 18. did not expect 19. helped 20. achieved

Grade-8 Unit -8

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. H..... Resort is located on an island.
2. P.....Resort is an eco-resort in northern Myanmar.
3. F..... centre is one of the facilities at Heaven Resort.
4. W..... is provided free of charge at Heaven Resort.
5. S..... pool is located next to the blue sea.
6. S..... food is fresh and delicious at Heaven Resort.
7. M..... Island is a special trip destination.
8. T..... house living is a unique experience at Paradise Resort.
9. B..... are available for those afraid of heights.
10. H..... springs surround the Paradise Resort.
11. W..... are in the Paradise Resort area.
12. O..... farm provides fresh vegetables.
13. K..... facilities are available at Paradise Resort.
14. F..... pets are allowed at the eco-resort.
15. F..... seekers will enjoy Heaven Resort.
16. A..... can be sought at Paradise Resort.
17. D..... and snorkelling are popular at Heaven Resort.
18. C..... site is available at Paradise Resort.
19. L..... bands perform at Heaven Resort.
20. T..... are available for cooking at Paradise Resort.

Answer Keys

I. 1. Heaven 2. Paradise 3. Fitness 4. Wi-Fi 5. Swimming 6. Sea 7. Mermaid 8. Tree 9. Bungalows 10. Hot 11. Waterfalls 12. Organic 13. Kitchen 14. Family 15. Fun 16. Adventure 17. Diving 18. Campsite 19. Local 20. Tents

အခြေခံပညာ ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၆လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၈၇၃၇၉)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၀၇၃၇၉)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၀၇၃၇၉ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အိမ်မဲမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ကလွင်ကျေးရွာ၌ တရားမဝင် ဒီရေတောမျော သစ်လုံး ၂၃၀၀ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် တောင်စဉ့်အေးပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀၀)ကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ်၌ လိုင်စင်မဲ့ Loujia ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၉ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Ipsum ယာဉ်တစ်စီးနှင့် Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၀၀၀၀၀) ကိုလည်းကောင်း၊ ရွှေဘိုမြို့နယ် ပဂိုးကုန်းကျေးရွာအနီး၌ လိုင်စင်မဲ့ Toyota Kluger ယာဉ်တစ်စီးနှင့် Nissan X-Trail ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) ကိုလည်းကောင်း၊ အရာတော်မြို့ ကွက်သစ်ရပ်ကွက် မြို့လယ်ကျောက်တိုင် အနီး၌ လိုင်စင်မဲ့ CZI 125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်၌ လိုင်စင်မဲ့ Mitsubishi Minicab ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၉ ရက်တွင် တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၇၁၈ တန်၊ အခြားသစ်သုည ဒသမ ၉၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၆၃၃၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ ယာဉ် ၁၄ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၅၇၆၃၃၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက် တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၃၀၅၇၀၀)ကို သိမ်းဆည်းရမိသည်။ ယနေ့ သိမ်းဆည်းရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ ပြည်ပမှ တရားမဝင် တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၂-၂၀၂၄ တနင်္လာနေ့

MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ရတနာသုတ်၊တောဂျင်္ဂါသုတ်)
၀၈:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ခုနှစ်၊နိုဝင်ဘာလ)(ဒုတိယပိုင်း)
၀၉:၂၀ စိုက်ပျိုးမွေးမြူရေးသုတဘာက်
၀၉:၄၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၃၀ မြစ်ကျွန်းသုံးသွယ်အသွင်သစ်(မြို့) (အပိုင်း-၆)
၁၁:၂၅ ဘဝနှင့်အနုပညာ **'လက်တွေ့ဘဝထဲကတစ်ဘ၀အိပ်မက်များ'** **'အိရိုက်တာဘကဃ်းစိုဩရသ'**(အပိုင်း-၃)
၁၁:၃၀ MRTV National News
၁၄:၃၀ မျိုးဝုက်တင့်ဝေဆိုကရေးတီးအပွေ
၁၅:၃၀ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
၁၆:၄၅ ချစ်စဂ္ဂအရွယ်ကစားကြမယ်၏
၁၇:၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ခုနှစ်၊နိုဝင်ဘာလ)(ဒုတိယပိုင်း)
၁၈:၃၀ မြစ်ကျွန်းသုံးသွယ်အသွင်သစ်(အိပ်မက်) (အပိုင်း-၇)
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဆုတောင်းပြည့်ကြယ်တာထုစတာလာ'** (အပိုင်း-၂၃)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဗီးလေဝသအခြေအနေ
၂၁:၁၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၂၀ သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍာ
၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၃၂)
၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း

mtv

07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo Shwe Yee Win,Sein Lei Lei, Nan Sandy)
07:05 Done Nyaung Hmaing: A New Tourism Spot
07:18 Tray Art Products
07:28 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 1) 1945-1960 (1, 2)
08:01 News
08:26 Asia Updates; Flous Taiwania
08:33 Myanmar Cultural Identities (Kinnari & Kinnara)
09:50 Myanmar-Korea Song (2)
09:01 The Yangon Zoo & The Adorable Lady Elephant "Mo Mo"
09:24 Hsig Khaung Village In Hsihseng
09:35 Karunar Kabar Home for the Aged (Nay Pyi Taw)
09:55 World Computer Literacy Day (2nd December)

MRTV NRC

ကချင် (၀၆:၀၀ မှ ၀၈:၀၀)
ဘုရားကျောင်းစာကြဖယ်

ကယား (၀၈:၀၀ မှ ၁၀:၀၀)
ကယားတိုင်းရင်းသားတို့ရဲ့ဓလေ့ဂျော်ရာတောင်ပေါ်ဒေသ

ဝေကကရင် (၁၀:၀၀ မှ ၁၁:၀၀)
တောင်ပေါ်သူလေးရဲ့ရိုးရာဟင်းလျာ

ဘန်းရော်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

ဘရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)
နည်းမှန်စိုက်ပျိုးဝင်ငွေတိုး(သဘွားစိုက်ပျိုးနည်း)

ချင်း (ဇိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)
ပြည်ထောင်စုရဲ့အလှပန်းတစ်ပွင့်ချင်းရိုးရာ ခွဲနိုင်ကြပွဲတော်

ကျိုင်း (ခိုး) (၁၄:၀၀ မှ ၁၅:၀၀)
ကျန်းမာရေးအတွက်အကျိုးအာနိသင်ငတွေပေးတဲ့ မန်ကျည်းသီး

မွန် (၁၅:၀၀ မှ ၁၆:၀၀)
သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်

ဂျိုင် (၁၆:၀၀ မှ ၁၇:၀၀)
အဆိုတော်ကြီးဖြစ်ချင်သူ(မေသူကျော်)

ဂျမ်း (၁၇:၀၀ မှ ၂၀:၀၀)
မွေခံထိုက်သူ(ပညာပေးဇာတ်လမ်း)

ဝ (၂၀:၀၀ မှ ၂၃:၀၀)
သံထည်ပြင်ပြုလုပ်ထားသောလူအသုံးအဆောင်

MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၈:၁၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၁:၁၅ Sports Diary
၁၂:၁၅ ထူးခြားစုံလင်အာရုပဗိမိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၁၅ Weekly Selected News
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၁၅ ပြည်သူစုစီမံဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ဆိုင်းနိုင်ငံ'**
၀၉:၃၀ ဥပဒေရေးရာအခြားဖြာဇာတ်လမ်းတို့ **'ရေအသုံးကုန်းတစ်တစ်'**
၁၀:၀၀ ပြည်သူစုစီမံဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'စီယက်နဝ်နိုင်ငံ'**
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'အင်နိုးဂွားနိုင်ငံ'**
၁၁:၃၀ ဂျူသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၁)

MRTV FARMERS' HD

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
၀၆:၁၅ စနစ်တကျမန်မာ့တီးတိတ်ထွင်မြန်မာ့အထူးတန်း ကော်ဖီလုပ်ငန်းခွင်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၃၅ Rose Tour
၁၃:၁၀ Day in the Life of a Small Farm
၁၃:၄၅ International Music Hits
၂၀:၀၀ ရင်ထဲကဋ္ဌေန်းကျင် (ဇာတ်လမ်း)
၂၂:၀၀ Kikujiro (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၅၀ Sports Diary
၀၇:၄၀ Wekly Sports Info
၁၁:၀၀ အားကစားသတင်း
၁၅:၀၀ ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး U-21 အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှု(ဧရာဝတီ နှင့် တနင်္သာရီ)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို ဇုန်(၂) ပုံ(၇) (၉၀၀) မြို့နယ် တင်းခြံမီးသွင် (၄) လုံးရှိ (၆) ခြံမီးမှန်၊ ထုတ်သွင်းခြင်းသေးလျှော်ရှိပါသည်။

တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ ဖုန်းနှင့်ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသားရှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူမှုများဖြစ်ပွားနေကြောင်း ဒုစရိုက်မှုကို မလိုလားသူ တာဝန်သိပြည်သူများ၏ သတင်းပေးပို့တိုင်တန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရမိ

ထိုသို့ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ပေါ် ရပ်ကွက်များရှိ နေအိမ်အချို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်၍ ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့ကြသူများဖြစ်ကြသည့် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်နေ ဇော်ဖြိုးလွင်(ခ)တာလေ(၂၈)နှစ်နှင့် သီဟ(၄၄)နှစ်၊ မကာဟိုခမ်းရပ်ကွက်နေ မိုးနှင်းလျှံ(ခ)ဘဦး(၃၀)နှစ်နှင့် မျိုးဦး(ခ)ဝေယံ(၃၁)နှစ်၊ ရန်အောင်မြေရပ်ကွက်နေ သိန်းထိုက်အောင် (ခ)အရှည်ကြီး(၂၇)နှစ်နှင့် ဝင်းသက်အောင် (ခ)ဝင်းမင်းသန့်(၃၄)နှစ်၊ မယ်ခေါင်ရပ်ကွက်နေ ခင်မောင်ထိုက်(ခ)ကုလား(၂၅)နှစ်၊ ဝမ်ကောင်းရပ်ကွက်နေ မျိုးမင်းထက်(၂၈)နှစ်တို့ ရှစ်ဦးအား ၎င်းတို့၏ နေအိမ်အသီးသီး၌ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Alphard အမျိုးအစား အဖြူရောင်မော်တော်ယာဉ် တစ်စီး၊ M16 ပုံစံတူ (Air Gun) တစ်လက်၊ ပစ္စတိုသေနတ်အတို (Air Gun) တစ်လက်၊ ပြောက်ကျားဦးထုပ်တစ်လုံး၊ ပြောက်ကျားယူနီဖောင်းနှစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ)တာလေပါ ရှစ်ဦးတို့အား စစ်ဆေးပေါ်ပေါက်ချက်များအရ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်းရှိ အင်္ဂါနေအိမ်လိုင်းခန်းတစ်ခုမှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ လေးဦးကို ဖုန်းမျိုးစုံ နှစ်လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်နှင့်လည်းကောင်း။

အောက်တိုဘာလအတွင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ မိုးနှင်းလျှံ(ခ)ဘဦး၊ မျိုးမင်းထက်၊ မျိုးဦး(ခ)ဝေယံနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ ခြောက်ဦးက ဖုန်းမျိုးစုံ ခြောက်လုံးနှင့် ထိုင်းဘတ်ငွေ ၂၀၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ ဖုန်းမျိုးစုံ ခုနစ်လုံးနှင့် ထိုင်းဘတ်ငွေ ၁၄၀၀၀ ခန့်အားလည်းကောင်း၊ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံဇော်ဖြိုးလွင်(ခ)တာလေ၊ မိုးနှင်းလျှံ(ခ)ဘဦး၊ ဝင်းသက်အောင်(ခ)ဝင်းမင်းသန့်နှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့ လေးဦးကို ဖုန်းမျိုးစုံ ငါးလုံးနှင့် ထိုင်းဘတ်ငွေ ၇၀၀၀ ခန့်နှင့်လည်းကောင်း။

နိုဝင်ဘာလအတွင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ တရားခံ ဇော်ဖြိုးလွင်(ခ)တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီး၊ သီဟနှင့် ခင်မောင်ထိုက်(ခ)ကုလားတို့ လေးဦးက ဖုန်းမျိုးစုံ လေးလုံးနှင့် ထိုင်းဘတ်ငွေ ၁၂၀၀၀ ခန့်အားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်ကာ ပြောက်ကျားယူနီဖောင်းများ ဝတ်ဆင်ပြီး M16 ပုံစံတူ (Air Gun) တစ်လက်၊ ပစ္စတိုသေနတ် (Air Gun) တစ်လက်နှင့် ဝင်းသက်အောင် ပိုင်ဆိုင်သည့် Alphard အဖြူရောင်မော်တော်ယာဉ်တို့အား အသုံးပြု၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်ရှိသူများထံမှ ဖုန်းမျိုးစုံ ၂၄ လုံးနှင့် ထိုင်းဘတ်ငွေ ၇၃၀၀၀ တို့အား ငါးကြိမ်တိတိ ခြောက်လှန့်တောင်းယူခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

နေအိမ်များအတွင်း ဝင်ရောက်ကာ ခြောက်လှန့်တောင်းယူမှုများအတွင်း ဇော်ဖြိုးလွင်(ခ) တာလေ၊ သိန်းထိုက်အောင်(ခ)အရှည်ကြီးနှင့် ဖမ်းဆီးရန်ကျန်တရားခံ မဲကြီးတို့က လုံခြုံရေးတပ်ဖွဲ့ ယူနီဖောင်းများ ဝတ်ဆင်၍ ဦးဆောင်ကျူးလွန်ခဲ့ကြပြီး ကျန်တရားခံ ခြောက်ဦးတို့က အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်၍ ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ ခြောက်လှန့်တောင်းယူရရှိခဲ့သည့် လက်ကိုင်ဖုန်းများနှင့် ငွေကြေးများအား သိမ်းဆည်းရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်းရှိ နေအိမ်အချို့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအယောင်ဆောင်၍ လုံခြုံရေးအရ ဧည့်စာရင်းစစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းပြကာ နေအိမ်အတွင်းသို့ ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများအား ခြောက်လှန့်တောင်းယူခဲ့ကြသူ ဖမ်းဆီးရမိတရားခံ ဇော်ဖြိုးလွင်(ခ)တာလေပါ ရှစ်ဦးအား သက်ဆိုင်ရာ ရဲစခန်းများ၌ ပြစ်မှုတစ်ခုချင်းစီအလိုက် အမှုများ အသီးသီးရေးဖွင့်ဆောင်ရွက်ထားရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံ မဲကြီးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူ ဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများအား သိရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေး သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း ဖုန်းနှင့် ငွေကြေးများ ခြောက်လှန့်တောင်းယူခဲ့သူ အမျိုးသားရှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အယောင်ဆောင်ကာ နေအိမ်များအတွင်း ဝင်ရောက်၍ ဖုန်းနှင့် ငွေကြေးများခြောက်လှန့်တောင်းယူခဲ့သည့်ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်စဉ် တရားခံများ အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

ဗျာပုံမြစ်ဝ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် သောင်တင်၍ ရေဝင်နစ်မြုပ်နေသော ငါးဖမ်းလှေတစ်စင်းကို တပ်မတော်(ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဇရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြန်သွားကင်းလှည့်ရေယာဉ်က ကူညီကယ်ဆယ်

နေပြည်တော် ဒီဇင်ဘာ ၁

တပ်မတော်(ရေ)ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင်ဇရိယာအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် အမြန်သွားကင်းလှည့်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်၌ ဗျာပုံမြစ်ဝ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာတွင် ငါးဖမ်းလှေတစ်စင်း သောင်တင်၍ ရေဝင်နစ်မြုပ်နေကြောင်း သတင်းရရှိသဖြင့် သွားရောက်ခဲ့ရာ ဗျာပုံမြို့မှ ရန်ကုန်သို့ထွက်ခွာလာသော မြမျိုးလွင်(၉)အမည်ရှိ လှေသား ၁၉ ဦးပါ တရွက်ဆွဲငါးဖမ်းလှေသည် ရုတ်တရက်လှိုင်းလှေပြင်းထန်ကာ သောင်တင်မှုဖြစ်ခဲ့ခြင်းကြောင့် ရေယာဉ်ဝမ်းဗိုက်အတွင်း ရေဝင်မှုများဖြစ်ပေါ်ကာ လှေတစ်ဝက်မှာ နစ်မြုပ်နေသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရရှိသည့် လှေသားများအား စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်၍ လိုအပ်သော ကျန်းမာရေးစစ်ဆေးကုသခြင်း၊ အဝတ်အထည်နှင့် အစားအသောက်များ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးဆောင်ရွက်ထားသည့် ငါးဖမ်းလှေမှ လှေသားများကို နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီ ၁၀ မိနစ်ခန့်တွင် လှေပိုင်ရှင် ဖြစ်သူထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

သတင်းစဉ်



တာဝန်ရှိသူများက လှေသားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

☆ ၂၀၂၇ အာရှဖလားမှ

တာဂျစ်ကစ္စတန်၊ ဗီယက်နမ်၊ အိန္ဒိယ၊ Pot-2၌ မလေးရှား၊ တာ့ခ်မင်နစ္စတန်၊ ဖိလစ်ပိုင်၊ အာဖဂန်နစ္စတန်၊ ဟောင်ကောင်၊ ယီမင်၊ Pot-3၌ စင်ကာပူ၊ မော်လ်ဒိုက်၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ နီပေါ၊ ဘူတန်၊ Pot4၌ ဘရူနိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ တီမော၊ ပါကစ္စတန်၊ သီရိလင်္ကာအသင်းတို့ ပါဝင်နေသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၇ အာရှဖလား ပထမအဆင့်နှင့် ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် တစ်ပေါင်းတည်း ကျင်းပခဲ့ပြီး တတိယအဆင့်ခြေစစ်ပွဲမှ သီးခြားကျင်းပခြင်းဖြစ်သည်။ ၂၀၂၇ အာရှဖလား ခြေစစ်ပွဲအောင်မြင်ထားသည့် အသင်းများမှာ နောက်ဆုံးအဆင့် အိမ်ရှင်ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် ကာတာ၊ ကူဝိတ်၊ ဂျပန်၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ တရုတ်၊ အိုမန်၊ ကာဂျစ္စတန်၊ အီရန်၊ ဥဇဘက်ကစ္စတန်၊ အီရတ်၊ အင်ဒိုနီးရှား၊ ဂျော်ဒန်၊ ယူအေအီး၊ ဘာရိန်း၊ ဩစတြေးလျ၊ ပါလက်စတိုင်းအသင်းတို့ ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် ယင်း ၁၈ သင်း၊ တတိယအဆင့်ခြေစစ်ပွဲမှ ခြေစစ်ပွဲအောင်မြင်လာသည့် ခြောက်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားအသင်းတို့နှင့် ကျရောက်ခဲ့ပြီး အုပ်စုအောက်ဆုံးရပ်တည်ခဲ့သဖြင့် ၂၀၂၆ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲကစားခွင့်မရဘဲ ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲသာ ဆက်လက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး

ဝက်စ်ဟမ်းအသင်းကို ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပြီး အာဆင်နယ်အသင်း အမှတ်ပေးဇယား ဒုတိယနေရာ တက်လှမ်း



အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ် ပွဲစဉ်(၁၃)အဖြစ် ဝက်စ်ဟမ်းအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၈ မိနစ်မှာ ဘစ်ဆာကာ၊ မိနစ် ၄၀ မှာ အီမာဆင်တို့က သွင်းယူပေးခဲ့ပြီး အာဆင်နယ်အသင်းကတော့ ပထမပိုင်းပွဲကစားချိန် ၁၀ မိနစ်မှာ ဂါဘရီယယ်၊ ၂၇ မိနစ်မှာ ထရော့ဆက်၊ ၃၄ မိနစ်မှာ အိုဒီဂတ်၊ ၃၆ မိနစ်မှာ ကိုင်ဟာဗက်နဲ့ ပထမပိုင်းပွဲကစားချိန်အပြီး နာကျင်အချိန်ပို ၅ မိနစ်မှာ ဆာကာရဲ့ ပင်နယ်တီသွင်းဂိုးတို့ကြောင့် အာဆင်နယ်အသင်းက အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ဘရာဇီးကြယ်ပွင့် ဂါဘရီယယ်ဟာ ယခုဘောလုံးရာသီမှာ အာဆင်နယ်အသင်းနဲ့တူ ပရီမီယာလိဂ်သွင်းဂိုး သုံးဂိုးအထိ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲမှာ အဝေးကွင်းလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားရဲ့ တန်းဆင်းဇုန် အထက် ခြောက်မှတ်အကွာ အမှတ်ပေးဇယားအဆင့် (၁၄)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ အဲဗာတန်အသင်းကို မန်ယူအသင်း ဂိုးပြတ်နိုင်ပွဲရရှိ



မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ ဒီဇင်ဘာ ၁ ရက် ညဥ်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၃)မှာ မန်ယူအသင်းက အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ အဲဗာတန်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

သရေရလဒ်သာထွက်ပေါ်ခဲ့

အဲဒီပွဲစဉ်မှာ မန်ယူအသင်း နည်းပြသစ် ရူဘင်အမော်ရင် လက်ထက် ပထမဆုံးနိုင်ပွဲရရှိခဲ့တာဖြစ်ပြီး နည်းပြအမော်ရင် အနေနဲ့ ယာယီနည်းပြ နစ္စတယ် ရွိုင်းနေရာကို အစားထိုးနည်းပြအဖြစ် တာဝန်ယူခဲ့ပြီးနောက်ပိုင်း စတင်တာဝန်ယူ ကိုင်တွယ်ခွင့်ရရှိခဲ့တဲ့ အစ်ဆွစ်အသင်းနဲ့ ပွဲစဉ်မှာတော့ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အခု မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်နဲ့ ဇက်ဇီးတို့ နှစ်ဦးက သွင်းယူပေးခဲ့တာဖြစ်ပြီး ပွဲကစားချိန် ၃၄ မိနစ်နဲ့ ၄၆ မိနစ်တို့မှာ ရက်ရှ်ဖို့ဒ်က နှစ်ဂိုး၊ ၄၁ မိနစ်နဲ့ ၆၄ မိနစ်တို့မှာ ဇက်ဇီးက နှစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဇက်ဇီးဟာ ယခုဘောလုံးရာသီအတွင်း သုံးဂိုးမြောက် သွင်းဂိုးကို သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ မန်ယူအသင်းဟာ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၃) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ငါးပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံး ရမှတ် ၁၉ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၉)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး အဲဗာတန်အသင်းကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁၅)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ဘောလုံးလောက သတင်းတိုများ

- စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ လီဗာပူးအသင်းမှ အသက် ၂၆ နှစ်အရွယ်ရှိ အင်္ဂလန်နောက်တန်းကစားသမား အလက်ဇန္ဒားအာနိုးကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- စပါးအသင်းဟာ လိုက်ပ်ဇစ်အသင်းမှ အသက် ၂၄ နှစ်အရွယ်ရှိ နယ်သာလန် ညာနောက်ခံကစားသမား ဂီယာထရီဒါကို ခေါ်ယူရန် ပြစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- အက်စ်တွန်ဗီလာအသင်းဟာ ဝါဒါဘရီမင်အသင်းမှ ဩစတြေးလျကွင်းလယ်ကစားသမား ရိုမာနို့ချ်မစ်ကို စာချုပ် ချုပ်ဆိုခေါ်ယူရန် နီးစပ်မှုရှိနေပြီဖြစ်တယ်လို့ သိရပါတယ်။
- စပါးအသင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်း၊ နော့တင်ဟမ်ဖော်ရက်စ်အသင်းတို့ဟာ ချယ်လ်ဆီးအသင်းကခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတဲ့ လက်ချီအသင်းမှ ဒိန်းမတ်နောက်တန်းကစားသမား ပက်ထရစ်ဒိုဂူးကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- လီဗာပူးအသင်းမှ အသက် ၃၂ နှစ်အရွယ်ရှိ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ဆော်ဒီကလပ်အသင်းတစ်ခုဆီသွားရောက်ကစားရန် စီစဉ်လျက်ရှိပြီး လီဗာပူးအသင်းကတော့ လာမည့်ဘောလုံးရာသီအတွင်း စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် စီစဉ်လျက်ရှိတယ်လို့လည်း သိရပါတယ်။



ဒေ့ဗ်မွန်အသင်းနဲ့ ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း တံကောက်ကြောဒဏ်ရာရရှိခဲ့

ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းဟာ နိုဝင်ဘာ ၃၀ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒေ့ဗ်မွန်အသင်းနဲ့ ပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။

အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းဟာ အဲဒီပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာရရှိခဲ့တာကြောင့် ပထမပိုင်းပွဲကစားချိန် ၃၃ မိနစ်မှာ လူစားလဲခံခဲ့ရတာ ဖြစ်ပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ယခုဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်စုစုပေါင်း ၁၉ ပွဲမှာ သွင်းဂိုး ၂၀ အထိ သွင်းယူပေးထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ သရေတစ်မှတ်သာ ရရှိခဲ့ပေမယ့် ဘွန်ဒက်လီဂါပွဲစဉ်(၁၂)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၃၀ ရရှိထားတာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက် ဦးဆောင်ခွင့်ရရှိနေတာလည်း ဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းက နစ္စတယ်ရွိုင်းကို နည်းပြအဖြစ်ခန့်အပ်မည်

လက်စတာစီးတီးအသင်းဟာ နစ္စတယ်ရွိုင်းကို နည်းပြသစ်အဖြစ်ခန့်အပ်တော့မှာဖြစ်ပါတယ်။ လက်စတာစီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်အပြီး ၁၅၇ ရက်ကြာ ကိုင်တွယ်စေခဲ့ပြီးနောက် နည်းပြစတိဗ်ကူးပါကို ထုတ်ပယ်ခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းက အဲရစ်တန်ဟက်ကို ထုတ်ပယ်ခဲ့ပြီးနောက် နစ္စတယ်ရွိုင်းကို ယာယီနည်းပြအဖြစ်ခန့်အပ်ခဲ့ပြီး မန်ယူအသင်းရဲ့ ယာယီနည်းပြဘဝမှာ ယခုလအစောပိုင်းက လက်စတာစီးတီးအသင်းကို ပရီမီယာလိဂ်ပြိုင်ပွဲမှာ သုံးဂိုး-ဂိုးမရှိ၊ ကာရာဘောင်ဖလား ၁၆ သင်းအဆင့်မှာ ငါးဂိုး-နှစ်ဂိုး စသဖြင့် ဂိုးပြတ်နိုင်ပွဲတွေ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို နိုင်ပွဲတွေရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပေမယ့် နည်းပြသစ် ရူဘင်အမော်ရင် အိုးထရက်ဖို့ဒ်ကို ရောက်လာချိန်မှာ နစ္စတယ်ရွိုင်းအနေနဲ့ မန်ယူအသင်းနဲ့ လမ်းခွဲခဲ့တာ ဖြစ်ပါတယ်။



ဒွေကြွယ် ရေသားသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။



(၂၉-၁၁-၂၀၂၄ ရက်နေ့မှအဆက်)

အင်း . . . ကျူရှင်ဆိုမှ သတိရသည်။ မတ်လသည် ကျောင်းသားများ စာမေးပွဲရာသီ။ သည်ရက်များမှာ ကလေးတွေ စာမေးပွဲမပြီးသေးလျှင် ကျွန်တော် တစ်နေရာရာထွက်သွား၍ ဖြစ်မှဖြစ်ပါ့မလား။

ဘာပဲဖြစ်ဖြစ် မိန်းမခိုးပြီဆို အနည်းဆုံး တစ်ပတ်၊ နှစ်ပတ်။ ထားပါလေ၊ တစ်ပတ်ပဲတွက်ပါဦး။ ဖြစ်ပါ့မလား၊ ကလေးတွေများ ကသီလင်တဖြစ်များဖြစ်ကုန်မလား။

အေးလေ ... ထားပါတော့၊ ဒါကတော့ ဆရာဦးမြင့်မောင်နှင့် ညှိယူကြည့်ပေါ့။ တစ်ခုခုတော့ ဖြစ်အောင်စီစဉ်ရမှာပဲပေါ့။ ဖြစ်ချင်တာတွေ ဖြစ်ချင်သလောက် မဖြစ်ရင် ဖြစ်နိုင်သလောက်တော့ ဖြစ်ရပေမပေါ့။

"ယောကျ်ားပဲကွာ၊ မင်းမှာရှိတဲ့ လုံလုံလေ့၊ ဝီရိယတွေ၊ ဇွဲတွေ၊ သတ္တိတွေ ဘယ်သွားထားပစ်မလဲ။ ဆရာတစ်ယောက် ပြောဖူးသလိုပေါ့၊ ရွက်မရှိရင် တက်နဲ့လှော်မယ်။ တက်မရှိလည်း လက်နဲ့လှော်ရမှာပေါ့။ အလကားး ရေနစ် ရေစုန်မျောတာတော့ ဘယ်ခံနိုင်မလဲ။ မင်းဆိုဆို နေတဲ့ "ကိုယ်ထူးကိုယ်ချွန်" ဆိုတဲ့ သီချင်းလေးလည်း အားနာပါဦး"

ကိုယ်တွင်းမှ ဒုတိယအသံသည် ကျွန်တော့်ကို ပြတ်ပြတ်သားသား ဝင်ပြော၏။ စဉ်းစားမိသလောက် ပြဿနာတွေ ကုန်ပြီထင်လိုက်သည်။

အို . . . ဘာပဲတွေ့တွေ့ပေါ့၊ ရအောင်ရင်ဆိုင်မယ်၊ ရအောင်အနိုင်ယူမယ်။ ပြဿနာရှိသေးရင်လည်း ဖွတ်ကျားပြဿနာပဲ ကျန်တော့်မှာ ဟု တွေးသည်။

ကျွန်တော့်မှာ ကျွန်တော်ဆိုတဲ့ ယောကျ်ားတစ်ယောက်လည်း ရှိပြီ။ ကျွန်တော့်ကို သိပ်ချစ်၊ သိပ်အားကိုးတဲ့ ချစ်သူတစ်ယောက်လည်း ရှိပြီ။ ကျွန်တော့်ကို ခင်မင်ယုံကြည်ပြီး ကျွန်တော့်ကို အဆမတန်ကူညီကြတဲ့ သူငယ်ချင်းတွေလည်းရှိပြီ။ ပြီးတော့ လူငယ်တွေရဲ့အချစ်ကို နားလည်ပြီး ကိုယ်ချင်းစာတတ်တဲ့ အမေလည်းရှိပြီ။ ဘာလိုသေးသနည်း။ အောင်ပွဲသည် ရှေ့မှာ ရောက်နေပြီကော။

အတွေးနှင့်အတူ တစ်ခါက ခေတ်သုံးခေတ် အငြိမ့်သဘင်ကတုန်းက ပေါ်ဦး ပြက်ခဲ့သည့် ပြက်လုံးလေးကို မဆီမဆိုင် တွေးလိုက်မိသည်။

"သာအောင်ကွာ၊ သာမောင်ကွာ၊ ပြီးတော့ ငါပါသေး။ ဒါမှ မကောင်းဘူးဆိုရင်လည်း ဘာမှမတတ်နိုင်တော့ဘူး" ဟူ၍ . . .။

ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိသည်။

ထိုင်နေရာမှ ညောင်းလာသဖြင့် ထရပ်လိုက်သည်။ နွေအကူးလေအေးကို တစ်ဝရှူသွင်းလိုက်၏။ ရင်ထဲတွင် အားမာန်သစ်များ ပြည့်လာသလို ခံစားလိုက်ရသည်။

ရင်သည် ထူမတ်လာ၏။

စွေးနား ရဲစခန်းမှ သံချောင်းခေါက်သံ ဆယ့်တစ်ချက် ပေါ်ထွက်လာ၏။ တက်လာသောလမင်းကို ရွှင်လန်းတက်ကြွစွာ ကြည့်လိုက်မိသည်။

လမင်းသည် ပြုံး၍ကြည့်နေ၏။

ရင်ထဲတွင် လန်းဆန်းလာသဖြင့် စိတ်လက်ပေါ့ပါးသည်။ နောက်တစ်နေ့ မနက်ကို ခရီးပြန်ထွက်ရဦးမည်ဖြစ်ရာ အိပ်ဖို့သင့်ပြီဟု တွေး၍ အိမ်ရှေ့ ရေကပြင်ပေါ်သို့ ခြေလှမ်းတက်လိုက်သည်။

တက်လိုက်သော ခြေလှမ်းနှင့်အတူ ကျွန်တော် နှစ်သက်စွဲလမ်းခဲ့သော ဆရာ ဓနဖြူကျော်ထွန်း၏ "တိုက်ပွဲပျော်" ကဗျာထဲမှ နောက်ဆုံးပိဒ်လေးကို အားရပါးရ ရွတ်လိုက်၏။

"ရှေ့ကဆီး၍ ခရီးလမ်းထဲ
သစ်ပင်လှဲမလား။
ရှေ့ကကန့်၍ အဟန့်အတား
ဆူးတွေထားမလား။
ယောကျ်ားဟေ့နော်
တိုက်ပွဲပျော်
ကျွန်တော် တိုက်ရင်းတက်မှာပဲ။
ခေါင်းကို မော့ပစ်လိုက်၏။
နက်ဖြန်တိုင်းဟာ ရက်ရာဇသာတကား"

*****

နိဂုံးပိုင်း

ကံ့ကော်ရွက်ရေ

(၁)

တနင်္ဂနွေနေ့ နံနက် (၈)နာရီ။

အပြန်တွင် ဆရာဦးမြင့်မောင်ထံ ဝင်ရဦးမည်ဖြစ်သဖြင့် ရွာမှ ခပ်စောစော ထွက်ခဲ့သည်။

ကားပေါ်တွင်အမှေစကားသံများတရစပ်ဝဲဝဲကြားယောင်နေမိသည်။ အမေသည် ကျွန်တော့်ကို ကားထွက်သည်အထိမဟန့်။

"သား ယောကျ်ားနော်၊ ဖြစ်ချင်တာရှိရင် ဖြစ်အောင်လုပ်၊ အမှားသာမလုပ်မိစေနဲ့။

ပြီးတော့ ဖြစ်ချင်တာတွေ ဖြစ်မလာရင်လည်း စိတ်မလျှော့နဲ့၊ အားမငယ်နဲ့။ လူဆိုတာ အစမှာ ဘယ်တော့မှ လိုချင်သလိုဖြစ်မလာဘူး၊ အခက်အခဲမျိုးစုံတွေ့ရမှာပဲ။ သား ဒါတွေကိုကျော်နိုင်ပါ။ ပြီးတော့ လောကဓံကို ခံနိုင်ပါ။ ကံကိုယုံပါ။ ဉာဏ်နဲ့ ဝီရိယကို အမြဲယှဉ်သုံးပါ။ လောကမှာ ကိုယ်ဖြစ်ချင်သလိုတော့ ဘယ်တော့မှမဖြစ်ဘူး သား။ ဒါပေမဲ့ ကိုယ်လုပ်ရမယ့်အလုပ်ကိုတော့ လုပ်ကိုလုပ်ရမှာပဲ"

ကျွန်တော့်နားထဲတွင် ခင်လေးကိုပြောခဲ့သည့် စကားများကို ပြေးသတိရလိုက်သည်။

"နှစ်ယောက်စလုံး ကျောင်းဆက်တက်နိုင်ရင် မကောင်းဘူးလား ခင်လေး"

တစ်ဆက်တည်းမှာပင် ခင်လေး၏ စကားတစ်ခွန်းကိုလည်း အမှတ်ရသည်။

"ခင်လေးကြောင့် ကိုကို့ ပညာရေးကို မထိခိုက်ပါစေနဲ့ ကိုကိုရယ်"

ရင်ထဲကလည်း တိုးတိုးလေး ပြန်ပြောမိ၏။

"ကိုကို့ ပညာရေးလည်း မထိခိုက်စေရဘူး။ ခင်လေးလည်း မထိခိုက်စေရဘူး ခင်လေး။ ကိုယ်ယောကျ်ားပါ။ ကိုယ်ကြိုးစားပါ့မယ်။ လောကမှာ လူမတတ်နိုင်တဲ့အရာမရှိသေးပါဘူး"

ရင်ထဲ ကျေနပ်သွား၏။

တက်ကြွသောစိတ်ဖြင့် ပြန်လာသော ကျွန်တော့်မှာ လုပ်စရာအလုပ်တစ်ခုသာ ကျန်တော့၏။ ဦးမြင့်မောင်နှင့်တိုင်ပင်ပြီး ကလေးများ ကျောင်းစာမေးပွဲတွင် မထိခိုက်စေဘဲ ကျွန်တော် မည်သို့လှုပ်ရှားရမည်ကို ညှိရန်သာ။

*****

(၂)

တနင်္ဂနွေနေ့ နံနက် (၁၁)နာရီ။

ဆရာဦးမြင့်မောင်ထံမှ ကြားလိုက်ရသောစကားကြောင့် ရင်ထဲမောခနဲဖြစ်သွား၏။

"ဆရာ့ ကိုယ်ရေးကိုယ်တာကိစ္စဖြစ်နေတော့ ကျွန်တော်လည်း ပြောရခက်တယ် ဆရာ။ ဒါပေမဲ့ ဒီအချိန်ဟာ ကလေးတွေအတွက် အရမ်းအရေးကြီးနေတဲ့အချိန်ပဲ"

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ ကျွန်တော့်မျက်လုံးထဲတွင် ကလေးများ၏ မျှော်လင့်တက်ကြွနေသောမျက်နှာကို မြင်လာ၏။ ဘာလုပ်ရမည်နည်း။ ဘာလုပ်ရမည်နည်းဆိုသောအတွေးများ ရင်တွင်း၌ ပွဲတင်ထပ်လျက်.....။

"ဆရာက ဘယ်ရက်လောက်မှန်းထားလဲ"

ကျွန်တော်ခေါင်းခါရင်း-

"ဒါတော့ ကျွန်တော် တိတိကျကျပြောလို့မရသေးဘူး ဆရာ။ ကျွန်တော်တို့ကျောင်းမပိတ်ခင်တော့ ဖြစ်မှာအမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းပိတ်သွားရင် ကျွန်တော် ဘာလုပ်လို့ လုပ်ရမယ်မှန်းသိမှာမဟုတ်တော့ဘူး"

ဆရာက စားပွဲကိုလက်ဖြင့် တတောက်တောက်ခေါက်ရင်း စဉ်းစားသည်။ ကျွန်တော့်ခေါင်းထဲတွင် အကြံတစ်ခုပေါ်လာ၍-

"အဲဒီရက်ထဲမှာ ကျွန်တော်တစ်ယောက်ယောက်ကို အစားထိုးထားလို့ မရဘူးလားဆရာ"

ဆရာဦးမြင့်မောင်က ခေါင်းညိတ်၍-

"ကျွန်တော်လည်း ဒါကိုပဲ စဉ်းစားတာပဲ ကိုထွန်းဝေ။ ဆရာကိုထွန်းဝေက ဘယ်နှရက်လောက်ရှောင်တိမ်းနေမှာမို့လဲ"

ရှောင်တိမ်းဆိုသောစကားသည် သူက အလှပဆုံးစကားလုံးဖြင့် ရွေးချယ်ပြောလိုက်သော်လည်း ကျွန်တော့်ရင်ထဲတွင် နင့်ခနဲဖြစ်သွား၏။ သို့သော် တခြားစကားရွေးချယ်သုံးစရာလည်းမရှိ၊ မှန်လည်း မှန်နေသည်။ ထို့ကြောင့် စကားလုံးထက် သူ့အမေးကို အမြန်ဆုံးဖြေနိုင်ရန် တွက်ချက်မှုလေးတစ်ခု ကပျာကယာပြုလုပ်ရသည်။

"အလွန်ဆုံး တစ်ပတ်ပေါ့ ဆရာ"

"ဟုတ်ပါ့မလား ဆရာ၊ တကယ်လို့ ဟိုဘက်ကမိဘတွေက အပူတပြင်းပြဿနာလိုက်ရှာရင် ဘယ့်နယ်လုပ်မလဲ"

သူ့မေးခွန်းသည် ကျွန်တော် ကြိုမစဉ်းစားထားသောကိစ္စများဖြစ်သဖြင့် ကျွန်တော့်ဆီမှ အဖြေစကားသည် ရုတ်ခြည်းမတုံ့ပြန်နိုင်။ ခေါင်းထဲတွင် ဖျတ်ခနဲပေါ်လာသောအဖြေကိုသာပေးမိ၏။

"ကျွန်တော်တို့ ချက်ချင်းလက်မှတ်ထိုးလိုက်မှာပဲ ဆရာ။ သူတို့ ဘာလုပ်လို့ရမှာမို့လဲ"

ဆရာဦးမြင့်မောင် ပွင့်ပွင့်လင်းလင်းရယ်သည်။ အရယ်ရပ်၍ ပြောသောစကားတွင်မူ အားနာသံပါနေ၏။

"ကျွန်တော်ရယ်တာကို စိတ်မဆိုးနဲ့နော်။ ဆရာ ကလေးတွက်တွက်သလိုများ ဖြစ်နေမလားလို့။ မိန်းမခိုးတယ်ဆိုတဲ့ကိစ္စမှာ နှစ်ယောက်လက်မှတ်ထိုးပြီးရုံနဲ့ စိတ်ချရပြီလို့ ပြောနိုင်ပါ့မလား"

ကျွန်တော် စဉ်းစားတွေးနေဆဲ သူဆက်ပြောပြန်သည်။

"ကျွန်တော်ပြောတာ ဆရာ စိတ်ဓာတ်ကျအောင်ပြောတာ မဟုတ်ပါဘူးနော်။ ဒါမျိုးဆိုတာ ကိုယ့်ဘက်က ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်မှ။ တစ်ယောက်နဲ့တစ်ယောက် ရုံးတက်လက်ထပ်ပြီးမှ မယ်တစ်မြို့မောင်တစ်ရွာတွေ တစ်ပုံကြီး။ အဝေးကြီးသွားမကြည့်နဲ့၊ ကျွန်တော် တို့လင်မယားကိုပဲကြည့်"

စားပွဲမျက်နှာပြင်ပေါ်ရောက်နေသောအကြည့်သည် သူ့ထံ ချက်ချင်းကူးသွား၏။ ကျွန်တော့်အဖို့ လောကကြီးတွင် တွေ့သမျှအရာအားလုံး ထူးဆန်းနေပြီလားမဆိုနိုင်။ သူက ခနဲ့တတ်သောအပြုံးကို ပြုံးရင်း ဆက်ပြောသည်။

"ကျွန်တော်လည်း ဆရာကိုထွန်းဝေလိုအဖြစ်မျိုးနဲ့ ကြုံပြီးရအောင် ခိုးခဲ့တာပဲ ဆရာ။ ဒါပေမဲ့ လက်မှတ်ထိုးပြီး ပထမ မင်္ဂလာဦးညနဲ့ ဒုတိယ မင်္ဂလာဦးညကြားမှာ သုံးနှစ်လောက်ကြာခဲ့တယ်။ ကျွန်တော် ဘယ်လိုက်လို့ လိုက်ရှာရမှန်းမသိတဲ့အချိန်မှာ ကျွန်တော့်အမျိုးသမီးက ကျွန်တော်နဲ့ မိုင်တစ်ထောင်နီးပါးဝေးတဲ့အရပ်မှာ မျက်ရည်ကျရုံကလွဲပြီး ဘာမှမလုပ်တတ်ဖြစ်နေခဲ့တယ်"

သူ့အဖြစ်က ကျွန်တော်တွေးလိုက်သည်ထက်ပင် နည်းနည်းပိုနေသေး၏။ ကျွန်တော့်မှာ ပြောစရာတစ်ခုသာရှိတော့သည်။

"ကျွန်တော် ကလေးတွေကို သံယောဇဉ်ကြီးပါတယ် ဆရာ။ ကျွန်တော်မျှော်မှန်းတဲ့ အချိန်အတောအတွင်းမှာ ကျွန်တော့်ကိစ္စမပြီးရင် ကျွန်တော့်ကိစ္စထက် ကလေးတွေကိစ္စကို အရင်လာလုပ်ပါ့မယ်။ ကလေးတွေစာမေးပွဲကလည်း လိုတော့တာမှမဟုတ်ဘဲ"

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

> **"ကျွန်တော့်မှာ ကျွန်တော်ဆိုတဲ့ ယောကျ်ားတစ်ယောက်လည်းရှိပြီ။ ကျွန်တော့်ကို သိပ်ချစ်၊ သိပ်အားကိုးတဲ့ ချစ်သူတစ်ယောက်လည်းရှိပြီ။ ကျွန်တော့်ကို ခင်မင်ယုံကြည်ပြီး ကျွန်တော့်ကို အဆမတန်ကူညီကြတဲ့ သူငယ်ချင်းတွေလည်းရှိပြီ။ ပြီးတော့ လူငယ်တွေရဲ့အချစ်ကို နားလည်ပြီး ကိုယ်ချင်းစာတတ်တဲ့ အမေလည်းရှိပြီ။ ဘာလိုသေးသနည်း။ အောင်ပွဲသည် ရှေ့မှာ ရောက်နေပြီကော။ ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိသည်"**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ထိန်းသိမ်းရေးဌာနခွဲတွင် အသုံးပြုရန် လိုအပ်သော ပစ္စည်းများနှင့် ဘိလပ်မြေများ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူအပ်နှံဆောင်ရွက်လိုပါသည်-

ပစ္စည်းဝယ်ယူရေး

စဉ်	တင်ဒါအမှတ်	D.D.P	တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့်အချိန်
(က)	036/DHPI/Fuel/2024-2025	At Site	(၁၇-၁၂-၂၀၂၄)(၁၂:၀၀)နာရီ
(ခ)	037/DHPI/Cement/2024-2025	At Site	(၁၇-၁၂-၂၀၂၄)(၁၂:၀၀)နာရီ
(ဂ)	038/DHPI/Deformed Bar/2024-2025	At Site	(၁၇-၁၂-၂၀၂၄)(၁၂:၀၀)နာရီ

သယ်ယူပို့ဆောင်ရေး

စဉ်	တင်ဒါအမှတ်	တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့်အချိန်
(က)	၀၃/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၂၄-၂၀၂၅	(၁၇-၁၂-၂၀၂၄)(၁၂:၀၀)နာရီ

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - (၂-၁၂-၂၀၂၄)ရက်မှ (၁၆-၁၂-၂၀၂၄) ရက်အထိ
၃။ တင်ဒါရောင်းချမည့်အချိန် - (၁၀:၀၀)နာရီမှ (၁၅:၃၀)နာရီအထိ
၄။ တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ - ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃)ထပ်ဆောင်၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်။
၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၀)လမ်း၊ အမှတ်(၈၅/က)၊ ဧရိယာ(၂၀x၆၀)ပေရှိ (ဒေါ်အေးသန္တာအောင်) အမည်ပေါက် ဂရန်မြေကွက်နှင့်အိမ်အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်အေးသန္တာအောင်[၁၂/ သဃက(နိုင်)၀၄၂၇၀၀] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေကျပ် တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကြေးမုံမြင့် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၆၆)
ဖုန်း-၀၉-၈၉၃၅၃၄၂၀၀

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်-၄၉နေ ဒေါ်ခိုင်သက်ဦး [၁၂/လမန(နိုင်)၁၄၃၇၀၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်သက်ဦး [၁၂/လမန(နိုင်)၁၄၃၇၀၈]နှင့် ဦးထက်အောင်ရှိန်း[၁၂/စခန(နိုင်)၀၇၄၉၅၀]တို့သည် (၂၄-၁၁-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ဦးထက်အောင်ရှိန်းနှင့် ပတ်သက်သည့် ကိစ္စအဝဝနှင့် အရှုပ်အရှင်းကိစ္စများ ပေါ်ပေါက်လာပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်သက်ဦးနှင့် လုံးဝသက်ဆိုင်ခြင်း မရှိကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍လည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးထက်အောင်ရှိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြူကြူနိုင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၁၂)
(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-09-443030376, 09-795559856

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ပုသိမ်ညွှန့် ၆လမ်း၊ တိုက်အမှတ်-၁၅၊ ၂ လွှာ(အေ)တွင် နေထိုင်သော ဦးလှရွှေ[၁၂/မဂတ(နိုင်)၀၆၁၇၁၂]နှင့် ဒေါ်ရင်ရင်ကြည်[၁၂/မဂတ(နိုင်)၀၆၁၇၁၄]တို့၏ သားဖြစ်သူ ဦးကျော်လွင်ဦး[၁၂/မဂတ(နိုင်)၀၇၄၁၇၁]သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအားစိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြေညာပါသည့်နေ့ရက်မှစ၍ ၎င်းအားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ဦးကျော်လွင်ဦးနှင့် ပတ်သက်သည့်ငွေရေးကြေးရေး၊ လူမှုရေးအရှုပ်အရှင်း ပြဿနာနှင့် အခြားမည်သည့်ကိစ္စရပ်များအား(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးလှရွှေနှင့်ဒေါ်ရင်ရင်ကြည်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မင်းနိုင်(LL.B)	**ဒေါ်အိန္ဒြာကြည်တင် (LL.B) (D.I.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၆)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၇၇)**
ဖုန်း-၀၉-၇၉၉၃၇၇၆၉၁	**ဖုန်း-၀၉-၄၃၁၁၂၁၀၁**

အမှတ်(၃၀)၊ ၃လွှာ(ဘီ) ပုသိမ်ညွှန့်(၆)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပဉ္ဇာတွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
ရန်ကုန်မြို့
လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ် (၁/၂၀၂၄)
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တန်း အငယ်တန်းအင်ဂျင်နီယာ (၂) ရာထူး (၂၅) နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ခန့်ထားမည့်ရာထူး	အနိမ့်ဆုံးပညာအရည်အချင်း	ဘာသာရပ်	ခန့်ထားမည့်ဦးရေ		
				ကျား	မ	ပေါင်း
၁။	အငယ်တန်းအင်ဂျင်နီယာ(၂)	A.G.T.I (EP/EC/IT)	Electrical Power(EP)	၁၅	၅	၂၀
			Electronics (EC)	၃	၁	၄
			Information Technology (IT)	၁	-	၁
စုစုပေါင်း				၁၉	၆	၂၅

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၃၁-၁၂-၂၀၂၄) ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
(ဃ) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(စ) ဖော်ပြပါအချက်အလက်များအား ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မွေးသက္ကရာဇ်၊ ပညာအရည်အချင်းစသော အရေးကြီးသည့် အချက်အလက်များကို လိမ်လည်ဖြည့်သွင်းလျှောက်ထားမှုကို စိစစ်တွေ့ရှိပါက ဝန်ထမ်းအလုပ်ခန့်အပ်ထားပြီးသည့်တိုင် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal) အပြစ်ဒဏ်အထိ စည်းမျဉ်းစည်းကမ်းအညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်းနှင့် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားသူများမှ စာမေးပွဲဝင်ကြေးငွေကျပ် (၅၀၀၀/-)(ကျပ်ငါးထောင်တိတိ)ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၃) ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ငွေစာရင်းအမှတ် (CE-000958)သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်လျှောက်လွှာနှင့် စည်းကမ်းချက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စီမံခန့်ခွဲရေးဌာနတွင် စာမေးပွဲဝင်ကြေးငွေ ကျပ် (၅၀၀၀/-) ပေးသွင်းသည့် ချလန်မူရင်းပြသ၍ (၃-၁၂-၂၀၂၄) ရက်မှ (၁၆-၁၂-၂၀၂၄) ရက်အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာထုတ်ယူသည့်နေရာ၌ (၁၆-၁၂-၂၀၂၄)ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ လျှောက်လွှာများကို တင်သွင်းရမည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပေးပို့ရမည်ဖြစ်ပါသည်-
(က) စာမေးပွဲဝင်ကြေးငွေ ပေးသွင်းသည့် ချလန်မူရင်း။
(ခ) ဘွဲ့လက်မှတ်/ဒီပလိုမာအောင်လက်မှတ်/ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူ (၁) စောင် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) အမျိုးသားမှတ်ပုံတင် မိတ္တူ (၁) စောင်
(ဃ) လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၁)ပုံကပ်ပြီး အပို(၂) ပုံ၊ (နောက်ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)
(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက တာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဌာန၏ ဖြေဆိုခွင့်ပြုချက်မူရင်း။
(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (သက်တမ်းမကုန်)နှင့် (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်းများ။

၅။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန၏ ဖြေဆိုခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စီမံခန့်ခွဲရေးဌာန၊ ဝန်ထမ်းရေးရာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲသို့ (၃၁-၁၂-၂၀၂၄) ရက် နောက်ဆုံးထားပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာ (၁) စောင်ကို (၁၆-၁၂-၂၀၂၄) ရက် နောက်ဆုံးထားပေးပို့ရမည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စီမံခန့်ခွဲရေးဌာန၊ ဝန်ထမ်းရေးရာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲတွင် (၂-၁-၂၀၂၅) ရက်မှ (၃-၁-၂၀၂၅) ရက်ထိ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ရွေးချယ်ခြင်းခံရပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အနည်းဆုံး(၅)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်ပါက ငွေကျပ် (၁,၀၀၀,၀၀၀/-) (ကျပ်တစ်ဆယ်သိန်းတိတိ)ကို ပေးလျော်ရမည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး ၅-၁-၂၀၂၅ ရက် နံနက် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ သက်ဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်ကို လည်းကောင်း ဖြေဆိုရမည်ဖြစ်ပြီး (၆-၁-၂၀၂၅)ရက်နေ့တွင် လူတွေ့စစ်ဆေးခြင်းကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စီမံခန့်ခွဲရေးဌာန၊ ဝန်ထမ်းရေးရာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၀၁-၂၂၂၈၆၉)သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄/စက်မှု)၊ မြေကွက်အမှတ်(၁၇၀)၊ စက်မှုဇုန်အပိုင်း(၃)၊ တွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်း၊ အလျား(၄၀၀/၃၈၉)ပေ × အနံ(၉၀/၈၉)ပေ၊ အကျယ်အဝန်း(၃၄၇၃၃)စတုရန်းပေ၊ ဧရိယာ(၀.၇၉၇)ဧကရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသီဟလင်း (၁၂/ဗဟန(နိုင်)၀၈၄၁၅၄)မှ အမည်ပေါက်ပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှနိုင်ဦး (၈/ဆပဝ(နိုင်)၀၅၄၂၇၀)မှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဖြူဖြူသန့် တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)
LL.B., D.B.L., WIPO-101(Switzerland)
အမှတ်-၁၂၈၊ ၄၁-လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

ရန်ကုန်မြို့၊ တာ့မွေမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ကွင်းအမှတ်(၀၁)၊ အုပ်စုအမှတ်(RA-1)၊ အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ်(၁၂၂၀)၊ ဧရိယာ(၄၀×၆၀)ပေရှိ ယာယီမြေပေးမိန့်တွင် ဒေါ်ညွန့်တင်(၁၂/တတန(နိုင်)၁၁၀၇၃၃) အမည်ပေါက်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင် တရားဝင်အမည်ပေါက်သူ-ဒေါ်ညွန့်တင် ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

ဦးသန့်ဇင် (LL-B)	**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၁၀၆၈)	အထက်တန်းရှေ့နေ(စဉ်-၂၂၇၄၄)
Ph-09 253995848 , 09-798420119	Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာလမ်း၊ Grand Myakanthar Condominium၊ အမှတ်(W-23)ဟုခေါ်တွင်သော အခန်းအမှတ်(B-1005E1) ဧရိယာ(၉၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား တကောင်ဘွား ကုမ္ပဏီထံမှ အရောင်းအဝယ် ကတိစာချုပ်အရ ဦးလွင်ထူးကို [၇/သဝတ(နိုင်)၀၈၃၉၁၃]နှင့် ဒေါ်ခင်စန္ဒာကို [၁၂/ကမရ(နိုင်)၀၅၃၂၅၉]တို့က တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွယ်နီအေး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)
အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အိမ်အမှတ်- ၂၇၀နေ ဦးမျိုးမြင့်ထွန်း[၁၂/တမန(နိုင်)၀၇၂၇၄၄]နှင့် ဒေါ်လဲ့လဲ့ဝင်း[၁၂/တမန(နိုင်)၀၆၄၅၈၈]တို့၏သား မောင်မျိုးဝင်း[၁၂/ကတတ(နိုင်)၀၃၃၂၅၆]သည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်အသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်မျိုးဝင်းနှင့်ပတ်သက်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စကိုမျှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးမြင့်ထွန်း [၁၂/တမန(နိုင်)၀၇၂၇၄၄]
ဒေါ်လဲ့လဲ့ဝင်း[၁၂/တမန(နိုင်)၀၆၄၅၈၈]

သစ်တော နဲ့ သစ်ပင် ချစ်ခင် တဲ့ လူမျိုး သစ် ပင် ကို နှစ်စဉ် စိုက် ရွှေတိုက် ကိုစိုး

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ဓမ္မစေတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၄၉၉)၊ အကျယ်(၂၅x၅၀)ပေရှိ ဒေါ်ပြုံးပြုံးရီ အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး ယင်းမြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်း(မူရင်း)များအစစ်အမှန်ဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းရွှေ(ခ)မင်းသိန်းဆွေ[၁၂/ပဘတ(နိုင်)၀၂၇၄၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းညွန့်၏လွှဲအပ်ချက်အရ
"တရားလွှတ်တော်ရှေ့နေ"
ဦးအောင်နိုင်ထူး(စဉ်-၁၃၅၇၅)
LL.B, WIPO(Switzerland)
အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။
Ph:01-385205, 09-420088970

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၆၉) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဆ - ၅၀၆၂၁၄

ကံထူးရှင်(၁)ဦး

အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဆ - ၄၉၁၂၆၁

ကံထူးရှင်(၁)ဦး

အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

င - ၄၄၅၇၁၁

ကံထူးရှင်(၁)ဦး

ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

စ - ၁၂၇၁၆၃	ဆ - ၅၈၂၁၅၇
ဇ - ၄၂၆၄၄၅	ဃ - ၇၈၅၂၄၉

ကံထူးရှင်(၄)ဦး

ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဆ - ၁၂၂၄၁၆	ဇ - ၃၆၅၉၃၁
ဃ - ၂၁၉၇၃၀	င - ၉၂၅၄၉၂
ဇ - ၃၀၄၉၂၉	ဇ - ၉၆၂၀၅၂

ကံထူးရှင်(၆)ဦး

ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဂ - ၁၄၇၇၃၆	စ - ၆၂၁၈၉၂	ဃ - ၇၃၂၀၈၇
ခ - ၁၇၅၆၇၀	ခ - ၆၃၂၈၇၂	က - ၇၄၀၀၆၃
စ - ၆၀၀၄၁၄	ဂ - ၆၇၄၄၈၉	ဃ - ၉၇၆၆၅၀

ကံထူးရှင်(၉)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ခ - ၁၀၃၂၁၈	ဆ - ၅၁၉၀၈၇
င - ၁၃၇၇၃၉	င - ၅၂၃၇၈၂
ဆ - ၂၆၅၄၃၄	ဈ - ၅၄၄၁၃၇
ဆ - ၃၁၇၀၆၁	ဇ - ၆၀၅၃၈၄
ဂ - ၃၉၄၂၈၄	ခ - ၈၅၄၉၀၅
ဃ - ၃၉၉၁၃၅	ခ - ၉၆၄၁၁၀

ကံထူးရှင်(၁၂)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဈ - ၁၁၉၄၃၉	ဆ - ၅၃၅၄၀၃	စ - ၇၄၂၉၇၇
င - ၁၄၃၁၉၆	က - ၅၅၁၉၄၉	စ - ၈၁၈၀၇၁
ဇ - ၂၃၂၅၅၀	က - ၅၆၇၄၂၉	ဃ - ၈၄၂၃၇၄
ဇ - ၂၆၉၁၆၅	ဂ - ၆၁၆၇၇၃	ဃ - ၉၆၉၂၈၀
ဆ - ၃၃၄၈၆၁	ခ - ၆၃၁၀၆၄	ဃ - ၉၈၄၁၁၅
င - ၅၃၄၃၃၂		

ကံထူးရှင်(၁၆)ဦး

ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဆ - ၁၆၀၃၂၀	ဈ - ၆၂၀၉၇၇
ဂ - ၃၁၁၅၂၄	ဃ - ၆၅၅၀၉၁
ဇ - ၃၂၅၁၈၁	ဈ - ၇၅၉၅၀၄
င - ၃၆၁၅၅၅	ဂ - ၇၇၄၆၂၈
င - ၄၉၃၁၁၀	ဇ - ၈၀၉၃၃၃
ဈ - ၅၆၄၉၁၀	စ - ၈၁၄၇၈၇
ခ - ၅၈၀၆၀၃	ဈ - ၈၃၄၀၁၂
ဈ - ၆၁၆၃၇၅	ခ - ၉၀၇၇၀၃

ကံထူးရှင်(၁၆)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

ဇ - ၁၅၁၅၂
ခ - ၅၄၅၀၇
စ - ၉၆၀၆၅

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဂ - ၄၅၄၇
ဃ - ၈၄၈၇
င - ၆၅၁၇

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၉)ယူနစ်

င - ၁၃၂	က - ၄၄၇	ဈ - ၈၄၄
က - ၂၉၃	ဂ - ၅၁၇	ဃ - ၈၆၆
စ - ၄၁၀	က - ၇၄၁	ဇ - ၈၈၆

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၆၇၂၁)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ဆ - ၂၆ ဆ - ၈၆ ဆ - ၉၈

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၄၇၇)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဇ - ၇

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဇ - ၄၉၄၇၀၀	က - ၇၅၁၄၇၈
စ - ၆၈၉၁၃၄	ဈ - ၈၃၂၀၂၆

ကံထူးရှင်(၄)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဈ - ၄၄၉၆၂ ဆ - ၈၆၉၁၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဈ - ၄၅၃၅ စ - ၇၇၅၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၂)ဦး

ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

င - ၆၅၅ င - ၉၃၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၂၇)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၉)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ(၁၀၆၂၂၂)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်(၁၀၆၂၂၂)ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အကြိမ်(၇၀)မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဓ) အက္ခရာထိ အက္ခရာ (၈)လုံး ဖြစ်ပါသည်။

၄။ (၆၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို(၂-၁၂-၂၀၂၄)ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို(၁၂-၁၂-၂၀၂၄) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊(၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

ပြည်တွင်းအခွန်များဦးစီးဌာန

အောင်ဘာလေသိန်းဆုဌာနခွဲ

(၃)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းဂဏန်း(၅)လုံးသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့

အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခန့်ထုတ်ဝေသည့်*

ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆု

မ - ၅၉၇၂၅

ကံထူးရှင်(၁)ဦး

Jackpot ဆုမဲစနစ် ကျပ်သိန်း(၅၀၀)ဆု

စ - ၉၄၃၇၄

ကံထူးရှင်(၁)ဦး

ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ရ	-	၁၇၀၁၁	ရ	-	၄၉၈၉၈
စ	-	၄၀၄၀၉	က	-	၆၄၁၇၅
ရ	-	၄၃၆၁၆			

ကံထူးရှင်(၅)ဦး

ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆု

မ - ၃၄၆၁၉

ကံထူးရှင်(၁)ဦး

ဧဝဧဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၆)ယူနစ်

မ	-	၁၆၆	စ	-	၅၅၁	က	-	၆၈၀
မ	-	၃၂၈	ရ	-	၆၁၉	တ	-	၇၆၇

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၄၅၁)ဦး

ဧဝဧဆာဆာပဒေသာကျပ်(၂)သိန်းဆုများ(၈)ယူနစ်

ရ	-	၃၀၃၄	မ	-	၄၁၈၂	သ	-	၄၆၅၃	သ	-	၇၇၆၇
အ	-	၃၅၆၂	က	-	၄၃၇၀	က	-	၄၉၃၄	သ	-	၉၇၇၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၅၈)ဦး

ဧဝဧဆာဆာပဒေသာကျပ်(၁)သောင်း(၁)ယူနစ်

မ - ၂

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံးအစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၅၂၁)ဦး

ဧဝဧဆာဆာပဒေသာကျပ်(၅)သောင်းဆုများ(၃)ယူနစ်

တ	-	၄၉	အ	-	၅၂	မ	-	၆၅

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၀၀၉)ဦး

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၃)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်း ဂဏန်း ၅လုံး သိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၀၀၄၇)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၀၀၄၇)ဦး ဖြစ်ပါသည်။

၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ (၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းအထက် ဆုမဲများအား ထီဆုဒွေထုတ်ပေးခြင်းကို (၂-၁၂-၂၀၂၄) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုဒွေထုတ်ပေးခြင်းကို ထီကံစမ်းဆိုင်၏ထီကံစမ်းဃ်ယူရာတွင် အသုံးပြုပေးနေသည့် ဒွေပေးနေသူစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးနည်းဖြစ်ပါသည်။

၄။ ကျပ် (၁၀) သိန်း အထက် ထီဆုဒွေများကို ထီဆုဒွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/ မိတ္တူ သို့မဟုတ် Passport မူရင်း/မိတ္တူ သို့မဟုတ် Foreigner Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားခေတ်ပုံ (၃)ပုံ၊ Application တွင် ထီကံစမ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးပို့သည့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုဒွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ



ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ လူနေရပ်ကွက်အမှတ်-၁၁၊ ထော်ပိုင်(၁)လမ်း၊ မြေကွက်အမှတ်-၇၃၇(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးစံသိန်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးစံသိန်းထံမှ (၁၅-၃-၂၀၀၅)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးမောင်ထွေး[၁၂/လမန(နိုင်)၀၇၇၈၄၁]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသက်ဝေထွန်း[၉/မသန(နိုင်)၁၁၇၅၀၈]မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူ
ဦးသက်ဝေထွန်း
[၉/မသန(နိုင်)၁၁၇၅၀၈]
တည်ဆောက်ရေး(၁)၊
ဆည်မြောင်းဝင်း၊
လှည်းကူးမြို့နယ်။

လွှဲအပ်ညှိနှိုင်းချက်အရ
ဒေါ်ခင်မာလွင် (LL.B.,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊
(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
ဖုန်း-၀၉-၅၁၈၉၆၈၉

ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျိုက်ပါဘုရားလမ်း၊ အလံအုပ်ကျေးရွာနေ ဒေါ်လှလှမြိုင်[၁၂/ဆကခ(နိုင်)၀၁၁၀၇၉]၏လွှဲအပ်ညှိနှိုင်းချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

SYT
သောက်ရေသန့်

တံဆိပ်မှတ်ပုံတင်အမှတ်-၄/၉၂၉၇

အထက်ဖော်ပြပါ **"SYT"** အမှတ်တံဆိပ်အား ကျွန်တော်၏မိတ်ဆွေမှ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ SYT ဟူသော စာသားနှင့် အမှတ်အသားကိုအသုံးပြု၍ ကျွန်တော်၏မိတ်ဆွေမှ **သောက်ရေသန့်ကို** ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအမည် အမှတ်တံဆိပ်၏ တစ်စုံလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆင်တူပုံပိုးမှားပြုလုပ်ခြင်း မရှိမဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း အင်တာနက် Online နှင့် လူမှုကွန်ရက်စာမျက်နှာများ မီဒီယာလုပ်ငန်းများတွင် တုပသုံးစွဲခြင်းများ လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းချက်အရ-
ဦးကောင်းဉာဏ်လင်း(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၃၀၄၉)
အမှတ်(၁၁/၁၁၀)၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ (၁)ရပ်ကွက်၊ သုခမိန်လမ်း၊ မြေကွက်အမှတ်-၁၃၈/ခ၊ ဧရိယာ(၁၁၇၀)စတုရန်းပေ အကျယ်အဝန်းရှိသော ဦးသန်းဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် မီတာ+ရေပါ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံခွင့်ရှိကြသူများဖြစ်၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံစာတိပြုသူများဖြစ်ကြသည့် ဦးကျော်ကျော်သန်း[၁၂/ကမရ(နိုင်)၀၅၀၄၇၃]နှင့် ဦးရန်နိုင်ထွန်း [၁၂/လသယ (နိုင်)၀၄၆၀၃၀]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်စမ်းစမ်းဦး[၁၄/ဟသတ(နိုင်)၀၀၉၁၂၉]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့် အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စမ်းစမ်းဦး၏ လွှဲအပ်ညှိနှိုင်းချက်အရ
ဒေါ်ခင်အေးဝင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၅၅/၂၀-၄-၂၀၂၀)
အမှတ်-၇၃၇/ခ၊ မြေညီထပ်၊ မာဃလမ်း၊ (၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-796764898

"အများသိစေရန်ကြေညာခြင်း"

